www.burmeseclassic.com

# သဦခေတ်နေ

# ကျွန်တော် နှင့် ပွားဖက်တော်

BURMESE CLASSIC .com

Google talk

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၁၆၁၀၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၇၃၁၂၁၁

ထုတ်ဝေသူ - ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း
(ကာလာစုံပုံနှိပ်တိုက်)

မျက်နှာဖုံးဒီဇိုင်း - America

ပုံနှိပ်ခြင်း - ပထမအကြိမ်၊
မတ်လ၊ ၂၀၁၂ ခုနှစ်၊

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

၈၉၅.၈၃

သည်ခေတ်နေ
ကျွန်တော်နဲ့ ပွားဖက်တော်/ သည်ခေတ်နေ။
- ရန်ကုန် ၊ အိပ်မက်အသစ်၊ ၂၀၁၂။
(၁၈၀) စာ၊ ၁၂.၂ × ၁၈.၁ စင်တီ။
(၁) ကျွန်တော်နဲ့ ပွားဖက်တော်

အိပ်မက်အသစ် မှ ထွက်ရှိပြီး စာအုပ်များ

| | | |
|---|---|---|
| ၁၈။ | တစ်ဝက်တစ်ပျက်ည | မင်းနိုက်စိုးစန်၊ ၊ မင်းနှင့်ညွှန် |
| ၁၉။ | ငှက်မိုးသွန်ချိန် | သတိုးစာပေ |
| ၂၀။ | တောင့်ရှာသူ | သတိုးစာပေ |
| ၂၁။ | ညနေ့ထိုသန့်ဒေါင်းရွှေတောင်ပေါက် | သတိုးစာပေ |
| ၂၂။ | စွဲလမ်းခြင်းအရိုးသည် | သတိုးစာပေ |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်ဆိုင်းသစ်များ | မေမျှညွှင် |
| ၂၄။ | ချစ်သူမှာ | [illegible] |
| ၂၅။ | ညညင်တွေနှုတ်တဲ့ မှုံသ | သတိုးစာပေ |
| ၂၆။ | ဦးချင်ကြီး | ဗိုလ်ကျော်စွာ |
| ၂၇။ | မန်းဝင်တား | မေမျှညွှင် |
| ၂၈။ | ဧကရာဇ် | [illegible] |
| ၂၉။ | ကလေးအတွေး | မင်းနိုက်စိုးစန် |
| ၃၀။ | ကိန္နရာမြည်သို့ အလည်ရောက်သူ | ဗိုလ်ကျော်စွာ |
| ၃၁။ | ဘာသိလာလဲ | [illegible] |
| ၃၂။ | ဒေါင်းညိုနဲ့မြွေတဲ့ အချိန်ကလေး | မေမျှညွှင် |
| ၃၃။ | လိပ်ပြာနိုင်တဲ့သူ | ၁၁သကျော်စွာ |
| ၃၄။ | မြေညှိရာကကြယ်များမိုး | သတိုးစာပေ |
| ၃၅။ | ဒိ | [illegible] |
| ၃၆။ | မိန္မာမျက်ရည် | မေဝလက်ကို |
| ၃၇။ | နင်မဆိုကောင်မှန်တိုင်း | မေမျှညွှင် |
| ၃၈။ | အလင်းမျှောင်ကကြိုး | မေမျှညွှင် |
| ၃၉။ | မိန္နိုလ် | [illegible] |
| ၄၀။ | ဆင်ဝင်တတဲ့လူ | ၁ဇွကျော်စွာ |
| ၄၁။ | လမ်းကိုကြည့်ပေါ်သူ | ၁၁သကျော်စွာ |
| ၄၂။ | အချိုမြိန် | [illegible] |
| ၄၃။ | နတ်သမီးမဆောင် | [illegible] |
| ၄၄။ | ဇိဘတ်ကြီးမှာ | ၁၁သကျော်စွာ |
| ၄၅။ | ဘုတာကြီး | [illegible] |
| ၄၆။ | သက်ပျောက်သစ်ပင် | ၁၁သကျော်စွာ |
| ၄၇။ | ရွယ်နံ့ဆင်ရိုင်း | သတိုးစာပေ |
| ၄၈။ | နဂါးတွင်းအရှိသည် | ၁ဇွကျော်စွာ |
| ၄၉။ | တတိယမျက်လုံးရှင် | ၁၁သကျော်စွာ |
| ၅၀။ | ပါဆယ် | [illegible] |
| ၅၁။ | ဝေါင်း… ဝေါင်း… မြွေတစ်ချောင်း | သတိုးစာပေ |
| ၅၂။ | မရေးသိနှိ | ၁၁သကျော်စွာ |
| ၅၃။ | သရဲကျစ် | ၁၁သကျော်စွာ |
| ၅၄။ | မိုးမျှော်မှာ | [illegible] |
| ၅၅။ | မြေကလိမ့် မယ်တော | ၁၁သကျော်စွာ |
| ၅၆။ | သစ်ကြည်းတားစာတိ | [illegible] |
| ၅၇။ | ပြိုကတ်ဖြို | [illegible] |
| ၅၈။ | သန်းခေါင်ယံညည်သ | ၁၁သကျော်စွာ |
| ၅၉။ | ဘိန်းနိုင်ကေ | [illegible] |
| ၆၀။ | သွေးနိမိတ်ကျောက်တိုင် | ၁၁သကျော်စွာ |
| ၆၁။ | တစ္ဆေသိုလ် ၆ ခု | [illegible] |
| ၆၂။ | ည/ည ၂၄ နာရီကစ်း | [illegible] / မွှားသူ |
| ၆၃။ | မြေကြွမ်း | ၁၁သကျော်စွာ |
| ၆၄။ | ဆက်မမက်ရတဲ့ အိပ်မက်ဟောင်း | သတိုးစာပေ |
| ၆၅။ | ကျွန်နိုင်ငံမှာ | ၁ဇွကျော်စွာ |
| ၆၆။ | ရွှေဝတိုရီ | မင်းလူ၊ [illegible]၊ မိုးစက်ပိုင်၊ မွှားသူ |
| ၆၇။ | ကမ္ဘာသစ်ရဲ့တရွေ့ဝတ္ထုတိုများ | မင်းနိုက်စိုးစန် |
| ၆၈။ | ရည်အားထားတဲ့ဂီမ်း | [illegible] |
| ၆၉။ | နှမ်းစပ်ကောင်းကင် | မင်းနိုက်စိုးစန်၊ မွှားသူ |
| ၇၀။ | ဆုတောင်းပြည့်မြေအိပ် | သတိုးစာပေ |
| ၇၁။ | တမလွန်ရှစ်သူ | သတိုးစာပေ |
| ၇၂။ | ရှုံ့ရဲ့ကိုယ်ရောင်ကိုယ်ဝါ | မွှားသူ |
| ၇၃။ | မဥ္စူနှင့်တွေ့ဆုံခြင်း | [illegible] |
| ၇၄။ | တောက်တဲ့ကိုကြိမ် | သတိုးစာပေ |
| ၇၅။ | သုံ့ဘာဝမောင်နှမ | ၁၁သကျော်စွာ |
| ၇၆။ | အတ္တ | မွှားသူ |
| ၇၇။ | သုံးရာသီသစ်ပင် | [illegible]၊ မိုးစက်ပိုင်၊ သည်ခေတ်နေ |
| ၇၈။ | ကျွန်တော်နှင့် ပွားဖက်တော် | သည်ခေတ်နေ |

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

**Eainmakathit**
38 (3rd fl) 153 rd Lane, Tamwe Ts, Yangon.
195112428, 551403

BURMESE CLASSIC .com

# သည်ခေတ်နေ

ကျွန်တော်နဲ့ ပွားဖက်တော်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ပန်းတာကာတို့တွင် ပန်းဧါ်အလှကို
အကြာဆုံးထိန်းထားသည့် ပန်းမှာ...
Sweet Primroses ပန်းမျိုးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နည်းလမ်းတွေ၊ သီအိုရီတွေ နားဝင်းပါ။
အချစ်ကို သင်ယူဖို့ရာ ချစ်တတ်ဖို့ပဲ လိုတာပါ။

**Aldous Hourley**

လွယ်လွယ်နဲ့တော့ စံပယ်တွေ ဘယ်ပွင့်ပါ့မလဲ?
"ပွင့်လာပါသော စံပယ်ပန်းလေး လန်းပါစေ"
လို့ပဲ... ကျွန်တော် မျှော်လင့်ဆုတောင်းနေမိပါတယ်။

**g-talk** သည်ခေတ်မှနေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီမှာ

ဆူးတွေနဲ့လို့မမြင်ဘဲ

ဆူးတွေခက်တွေရဲ့ကြားက . . .

နှင်းဆီပန်းလေးလို့

ကြည့်ပေးကြပါလား။

အရာရာ ချစ်ဖို့ကောင်းသွားမှာပါကွယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နဲ့ g-talk

ပွားဖက်တော်

www.burmeseclassic.com

www.burmeseclassic.com



**Love and a cough cannot be hid.**

ချစ်ခြင်းနှင့် ချောင်းဆိုးခြင်းကို ချုပ်ထိန်းထား၍မရ။

www.burmeseclassic.com

www.burmeseclassic.com



## (၁)

'ဟေး… ဒီမှာ… ဟေး…'

'ဝေး… ဒီမှာ… ဝေး…'

ကောင်မလေးက အလာသားပဲ။

g-talk ထဲမှာ စခဲ့တဲ့ ဇာတ်လမ်းအတွက် ကျွန်တော်ကလည်း အလကားကောင်တော့ အဖြစ်မခံနိုင်။

'မင်း ဘယ်က Chat နေတာလဲ'

'ကမ္ဘာမြေကြီးရဲ့ တစ်ထောင့်တစ်နေရာကပေါ့'

'ဒါဆို ဘယ်နယ်ကလဲ? စကားဝဲလား?'

'အသားမဲ၏'

တစ်ဖက်က Come is Typing ကိုဖတ်ပြီး ကျွန်တော်နည်းနည်းတော့ ဖြုံသွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



‘ဟဲ… ဟဲ… ဒီက စားတာပါ’

‘ဘာစားတာလဲ’

‘ဦးနှောက်စားတာ ပြောတာ’

‘အတည်မေးနေတာ’

‘ဩော်… ကျွန်မက ရှင်မေးတယ်ထင်လို့၊ လက်စသတ်တော့ တရုတ်ကြီးအတီဖြစ်နေတာကိုး’

‘မနှောက်နဲ့နော်’

‘နှောက်ပါဘူးတော်’

‘တော်ပီ’

‘ပေါ်ပီ’

‘ဂေါ်လီလိုမ့်မလား’

‘ရှင်ကရော ဆော်ကြည်လို့လား’

အဲဒီကောင်မလေးရဲ့ Account က papawadi @ g.mail.com ပဲဖြစ်ပါတယ်။

‘မင်းက ကိုယ့်ကို လာအစ်နေတာလား’

အမှန်တော့…

‘မင်းက ကိုယ့်ကို လာချစ်နေတာလားလို့’ ကျွန်တော် တစ်ခါတည်းမေးပစ်လိုက်ရမှာ။ တော်ကြာ အလောသုံးဆယ်တို့၊ သာယာဝတီတို့ ဖြစ်သွားမှာစိုးလို့၊ သူက ပပဝတီလေ။

‘မအစ်ပါဘူး၊ ကျွန်မက မြန်မာလူမျိုးစစ်စစ်ပါရှင့်’

‘ဒါဆို မမှတ်ဘူးပေါ့’



‘ဟုတ်၊ မှတ်စလင်တစ်ယောက် မဟုတ်တဲ့အတွက် ကျွန်မ မအစ်တတ်ပါဘူးရှင်’

‘OK လေ၊ ဒါဆို မင်းနာမည်အရင်း ပြောပြပါလား’

‘ပပဝတီအကောင့်လို့ ရှင်သိထားတာပဲ’

‘ထင်တာတော့ မင်းနာမည် ပပဝတီ မဟုတ်လောက်ဘူး’

‘လုလုရီလည်း မဟုတ်ရပါရှင်’

ကျွန်တော် ခန့်မှန်းရသလောက်တော့ အဲကောင်မလေးက တော်တော်အကြောတင်းမယ့်ပုံပဲ။

‘ဟုတ်ပြီ၊ ဒါဆိုရင် မင်းနာမည်ရော နေရပ်လိပ်စာရော သိရအောင် ကိုယ့်ဘာသာ စုံစမ်းကြည့်မယ်’

‘ဘယ်လိုစုံစမ်းမှာလဲ? ဂျိန်းစဘွန်းလိုလား? ရှားလော့ဟုမ်းလိုလား’

‘ကိုယ့်နာမည် ရာဇဝင်ဆိုတော့ ရာဇဝင်အတိုင်းပဲ စုံစမ်းထောက်လှမ်းရမှာပေါ့’

‘ဟုတ်ပြီ၊ ဒါဆို ကျွန်မနာမည်ကိုသိဖို့ သဲလွန်စပေးမယ်၊ ဘယ်လိုလဲ’

‘ကြာသလားလို့’

‘ကျွန်တော့်ဘက်က စပြီး စိန်ခေါ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဘက်ကလည်း ဘွာမခတ်ပါဘူး။ အဲ ကောင်မလေးရဲ့ ကိုယ်ရေးရာဇဝင်ကိုသိဖို့ ရာဇဝင်ဆိုတဲ့ကောင် အတွက် အမှန်တကယ်လိုအပ်နေတာ သေချာနေပါတယ်။

ကျွန်တော့်ရဲ့ ပပဝတီလေးက Face book မှာ ပုံလေး တစ်ပုံ တင်ပြလာပါတယ်။

'တွေ့လား?'

'ဟင့်အင်း··· မတွေ့သေးဘူး'

'တင်လိုက်ပြီ၊ သေချာကြည့်'

'သြော်··· အင်း··· တွေ့ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြီးလဲ၊ မင်းနာမည်က အိုလံပစ်လား'

မဆိုင်မှန်းသိရက်နဲ့ သူ့ကို ကျွန်တော် သတ်သတ် ဖောက်လိုက်တယ်'

'မဟုတ်ပါဘူး၊ အဲဒီ အိုလံပစ်ပုံမှာပါတဲ့ ကွင်းငါး ကွင်းရဲ့အဓိပ္ပာယ်ကို ရှင် သိလား'

'ဒါများကွာ... ကလေးသွားမေးတောင် သိတယ်'

'ဒါဆို ရှင်းပြကြည့်'

ဒါတော့ ကျွန်တော့်ကို သူ သက်သက်အထင် small တာပဲ။ အကြောင်းသိစေရမယ်။

'ပထမကွင်းက အာဖရိကတိုက်ကို ကိုယ်စားပြု တယ်'

'အင်း...'

'ဒုတိယကွင်း = အမေရိကတိုက်'

'ဟုတ်ပြီ'

'တတိယကွင်း = အာရှတိုက်'

'စတုတ္ထကွင်းကရော'

'စတုတ္ထကွင်းက ဩစတေးလျတိုက်ကို ကိုယ်စားပြု ရင် ပဉ္စမကွင်း = ဥရောပတိုက်ပေါ့'

'မဆိုးပါဘူး'

'တကယ်တော့ ဆိုးနေတာက မင်း'

'ဘာဆိုင်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီစကားကို ငါကမေးရမှာ၊ မင်းနာမည်နဲ့ အိုလံပစ်ကွင်းတွေနဲ့ ဘာဆိုင်လို့လဲ'


'လာမယ်လေ၊ ဖြည်းဖြည်းပေါ့'

သူနဲ့ ခင်မီ၊ ဥ မိတဲ့အတွက် ကျွန်တော် စိတ်ရှည်ရပါတယ်။

ကောင်မလေးဘက်က ပုံတစ်ပုံ တက်လာပြန်ပါပြီ။

■





www.burmeseclassic.com

www.burmeseclassic.com



'ဘာပုံကြီးလဲဟ'

'မြင်တဲ့အတိုင်းပဲလေ'

'ပန်းပွင့်တွေလား'

'ဟုတ်တယ်၊ ပန်းပွင့်တွေကိုကြည့်ပြီး များတယ်လို့ ...င်နဲ့ဦး၊ အိုလံပစ်လိုပဲ၊ အဲဒီပန်းတစ်ပွင့်ချင်းစီဟာ ကျွန်မ ...ည်တစ်လုံးချင်းစီကို ကိုယ်စားပြုတယ်'

'ဒါဆို မင်းနာမည်က ငါးလုံးတောင်မှပေါ့'

'ဟုတ်'

'ဒါဆို ပထမပန်းက ဘာပန်းလဲ ပြော'

'ရှင့်ဘာသာ အဖြေကို စဉ်းစားလေ'

'မင်းကို ပထမပန်းရဲ့ သဲလွန်စမေးနေတာ'

ကောင်မလေးဘက်က Typingတော်တော်နဲ့ တက် ...သေးပါဘူး။ ခဏလောက်ကြာမှ…

'ပထမပန်းက မြန်မာပြည်မှာ ချမ်းလို့ အနွေးထည် ...ဝတ်နေရမယ့် ပန်း?'

'ဗျာ…'

'မဗျာနဲ့တော့၊ ရှင့်ဘာသာ တစ်ညလုံး ထိုင်စဉ်းစား၊ ...ပြန်ညမှ On-line ပေါ်မှာ ဆက်တွေ့ကြတာပေါ့၊ Bye… ...'

ကျွန်တော် ကျောက်ရုပ်ကြီးလို ဆွံ့အရင်း ကောင်မ ...တို ပြန်ပြီး See ယသာ လုပ်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲကောင်မလေး လုပ်ရပ်က တကယ့်ကို ဟပ်ကော့ကြီးပါပဲ။ သေချာပါတယ်။

ဒီနေ့ညတစ်ညလုံး သူ့ကြောင့် ကျွန်တော့်မှာတော့…

❒



(ပထမပန်း) ?

မြန်မာပြည်မှာ
ချမ်းလို့ အငွေ့ထည်အမြဲဝတ်နေရတဲ့ ပန်းက
ဘာ…
ပန်းပါလိမ့်?

www.burmeseclassic.com

www.burmeseclassic.com



(၂)

'ချွတ်…'

'လွှတ်…'

'ဒွန်…'

'ရွှတ်…'

တွေ့တယ်မို့လား။

အဲဒီကောင်မလေးဟာ တကယ့်ကို ပေါက်ကျော်မလေး။ ညစဉ် သူနဲ့ ကျွန်တော် Chatting ထဲမှာ တွေ့တိုင်း အမြဲတမ်း ပျော်စရာကောင်းတာတော့ အမှန်ပါပဲ။

'ဘယ်လိုလဲ'

'ပရိုကဲ'

'ကျွန်မ နာမည်ငါးလုံးထဲက ထိပ်ဆုံးပန်းနာမည်ကို သိပြီလားလို့ မေးနေတာလေ'

'အအေးမိလို့ နှာစေးတဲ့ပန်းမို့လား၊ ဒါလေးများ'

www.burmeseclassic.com

www.burmeseclassic.com



'ဗမာဆေးစား'

'ဘာလို့စားရမှာလဲ၊ မင်းသာ အအေးမိမယ့်ပန်းကို နာမည်ထဲ ထည့်မှည့်ထားတာ၊ ကိုယ့်ဘာသာ ဗမာဆေးစား'

'ကဲ… သိရင်လည်း အဖြေကို ပြောတော့ရှင်'

'ဘာလဲ… တွေ့တာဖြင့် မကြာသေးဘူး၊ ကိုယ့်ဆီက အဖြေတောင် မင်းက လိုချင်နေပြီလား'

'ရှင်နော်'

'ဒီက ကျီစားတာပါ'

'ကျီစားနဲ့၊ မကြိုက်ဘူး'

'ဟုတ်ကဲ့'

'ဘာဟုတ်ကဲ့လဲ၊ အဖြေကို ပြော'

ခပ်တည်တည်နဲ့ လယ်ကွက်မှာ ကျွန်တော် အခုလို ရိုက်လိုက်ပါတယ်။

'မင်းရဲ့ ပထမဆုံးမေးခွန်းက ချက်ချင်းစဉ်းစားလို့ အဖြေဆီမရောက်ဘူး၊ ဒါမျိုးကို ဖြန့်ထွက်တွေးခြင်းလို့ ခေါ်တယ်'

'ဟုတ်ပါပြီ'

'မင်းနာမည် ၅ လုံးက ပန်းတစ်ပွင့်ချင်းဆီကို ကိုယ်စားပြုတယ်လို့ ပြောခဲ့တယ်နော်'

'အင်း…'

'ပထမပန်းက မြန်မာပြည်မှာ ချမ်းလွန်းလို့ အမဲ



အနွေးထည်ဝတ်ရတဲ့ပန်း'

'အဲဒါ ဘာပန်းလဲ'

'မြန်မာပြည်က ချမ်းလွန်းတဲ့ ပန်းမြို့တော်ဟာ ပြင်ဦးလွင်ဆိုတော့'

'ဒါဆို ချယ်ရီပန်းပေါ့နော်'

'အဲလို လမ်းမလွဲနဲ့လေ'

'ဟုတ်ဘူးလား'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့…'

'ဘာဖြစ်လဲ'

'ချယ်ရီဆိုရင် နာမည်ရဲ့အစမှာ ချယ်ဖြစ်ဖြစ်၊ ရီဖြစ်ဖြစ် သိပ်မနိပ်ဘူးပေါ့'

'အဲဒါဆိုရင်…'

'အဲဒါဆိုရင် မင်းနာမည် ၅ လုံးရဲ့ အစဦးဆုံးတစ်လုံးဟာ မေပဲ ဖြစ်ရမယ်'

'ဘာကြောင့် မေလို့ ပြောနိုင်ရတာလဲ'

'ချယ်ရီဆိုတော့ ပြင်ဦးလွင်လေ၊ ပြင်ဦးလွင်ဆိုမှတော့ မေမြို့ပဲပေါ့'

ကောင်မလေးဘက်က တုံ့ပြန်တဲ့စကားတွေ ခဏငြိမ်သက်သွားတဲ့အတွက် ကျွန်တော့်ရဲ့အဖြေ မှန်ကန်ကြောင်း (ဟုတ်ဟုတ်၊ မဟုတ်ဟုတ်) ကောက်ချက်ချလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အွန်လိုင်းပေါ်မှာ ကျွန်တော် ဒူးနန့်နေမိပါတယ်။

ဒီလိုနဲ့ ကောင်မလေးဘက်က ထပ်ပြီး တက်ရောက်လာတဲ့စာသားကတော့…

'ရှင်က တော်တော်လည်တာပဲနော်'

'ဟေတုပစ္စယောကနေ အဝိဂတပစ္စယောလောက်ထိပဲ လည်မိတာပါ'

လို့ ကျွန်တော် သူ့ကို ပြန်စလိုက်တယ်။

'ကဲ… ပြော'

'ဘာပြောရမှာလဲ'

'မင်းနာမည် နောက်တစ်လုံးကို ပဟေဠိဆက်ဝှက်လေ'

ကောင်မလေးဘက်က စဉ်းစားတွေးတောနေပုံရပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားက Connection တွေ ပွိုင့်မှာ မီးနီမိနေသလိုပဲ။

ကွန်ပျူတာရှေ့မှာ ထိုင်နေရင်းက ကျွန်တော်ဟာ ပျင်းကြောဆန့်လိုက်ပါတယ်။

'နောက်ဆုံးပန်း'

'အစဉ်လိုက်အတိုင်းဆို ဒုတိယပန်းကို ဝှက်ရမှာလေ'

'သမားရိုးကျအတိုင်း ခါပြီး ဒါလာရမယ်ဆိုရင် လောကကြီးက ပျင်းစရာကြီး'



ကြည့်ရတာ ကျွန်တော့်ရဲ့ ပပဝတီလေးက Outsider မလေးလား မသိဘူး။ တစ်ခါတလေ အဲကောင်မလေးရဲ့ အတွေးအခေါ်တချို့ဟာ ဆက်သွယ်မှုဧရိယာပြင်ပကို ရောက်နေတတ်ကြောင်း သိလာရပါတယ်။

'နောက်ဆုံးပန်းက…'

ကောင်မလေးနာမည် နောက်ဆုံးစာလုံးရဲ့ နောက်ဆုံးပန်းလေးကို ကျွန်တော် သိချင်နေပါပြီ။

'အကြောင်းပြချက်ကတော့ ဒီလိုပါပဲ'

'ဟမ်း…'

'သမီးရည်းစားတွေ နောက်ဆုံးလမ်းခွဲသွားကြတယ်လေ'

'ဘာအဓိပ္ပာယ်လဲ'

ကျွန်တော်ကပဲ ဆက်ပြီး ညည်းတွားလိုက်မိတယ်။

'ပြဿနာပါပဲ'

'အဲလိုပြဿနာမရှိဘဲ (သမီးရည်းစားအချင်းချင်း လမ်းခွဲဖို့) ပြဿနာရှာတဲ့ပန်းက ဘာပန်းလဲ'

'ရှီးတဲ့မှပဲ'

'ရှင် ဘာပြောလိုက်တာလဲ'

'ရှီးလို့ ပြောလိုက်တာ မကြားဘူးလား'

'ဘာရှီးလဲလို့ မေးနေတာ၊ ရှင် ယုတ်ပတ်မယ်ဆိုတော့ မကြံနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



'လမ်းပေါ်က စက်ဘီးလေလျှော့တဲ့အသံကို ယောင်ပြီးရိုက်လိုက်မိတာ ယုတ်ပတ်တာမှ မဟုတ်ဘဲ'

'ထားလိုက်ပါတော့'

ကျွန်တော် အလျှောက်ကောင်းလို့ အထောင်းသက်သာသွားတာပါ။ နို့မို့ဆို ရှီးနဲ့ ဦး, ခက်ရချည်ရဲ့။

'ကဲ… ရှင် စဉ်းစားလို့ရပြီလား၊ ကျွန်မရဲ့ နောက်ဆုံးပန်းကို'

'ရပြီ'

'ဘာပန်းလဲ'

'ခွေးသေးပန်း'

'ရှင် ညစ်ပတ်ပြန်ပြီလား'

'ဟုတ်ဘူးလား? သမီးရည်းစားတွေကြားမှာ ခွေးသေးပန်းရဲ့ အနံ့ကြောင့် ပြဿနာမတက်နိုင်ဘူးလား'

'လုံးဝမှားတယ်၊ ခွေးသေးပန်းမှာ ခွေးသေးနံ့ရတယ်လို့ ရှင့်ကို ဘယ်သူပြောလဲ'

'ဒါဆို ခွေးလျှားသီးပန်း'

'ရှင်သာ အတန်းတင်စာမေးပွဲကို ဖြေနေရတယ်ဆိုရင် ခုချိန် စာမေးပွဲခန်းထဲက ထွက်နေရလောက်ပြီနော်'

'ငါ ခုဖြေနေတာလည်း အတန်းတင်စာမေးပွဲပဲ မဟုတ်လား'

'ဘာအတန်းတင်စာမေးပွဲလဲ'



'ရင်ခုန်သံ အတန်းတင်စာမေးပွဲလေ'

ပိုင်တယ်မို့လား?

ကျွန်တော်ကလည်း ရသမျှအခွင့်အရေးကို ကောင်းကောင်းကြီးအသုံးချတတ်တဲ့ ကောင်စားပါ။

'တော်ပြီရှင်'

'နေပါဦး… ဘယ်သွားမလို့လဲ'

'ဒီအချိန်မှ ကျွန်မက ဘယ်သွားရမှာလဲ'

'သိဘူးလေ၊ မင်းပဲ တော်ပြီဆို'

'သမီးရည်းစားတွေကြားမှာ ပြဿနာမရှိ ပြဿနာရှာတဲ့ပန်းကို ရှင် စဉ်းစားလာခဲ့၊ မနက်ဖြန် ညမှပဲ On line ပေါ်မှာ ဆက်တွေ့ကြတာပေါ့၊ Bye'

ကျွန်တော့်ဘက်က မဘိုင့်ချင်သေးဘဲနဲ့ ကောင်မလေးကို ဘိုင့်လိုက်ရပြန်ပါတယ်။

□

www.burmeseclassic.com

www.burmeseclassic.com



## (နောက်ဆုံးပန်း) ?

ကဲ. . . နောက်ဆုံးအနေနဲ့
သပိုးရည်းစားတွေကြားမှာ
ပြဿနာမရှိ ပြဿနာရှာတဲ့
နောက်ဆုံးပန်းက
ဘာပန်းလဲ ?

www.burmeseclassic.com

(၃)

တကယ်တော့ ကျွန်တော်ဟာ Morning Skiper ယောက်ပါ။

Morning Skiper ဆိုတာ သိတဲ့အတိုင်းပဲလေ။ မနက် တွေကို အိပ်ရင်းနဲ့ ကျော်လွန်သူပေါ့။

ပုံမှန် ကျွန်တော့်ရဲ့ အိပ်ရာဝင်ချိန်ဟာ အမြဲလိုလို လေး၊ ငါးနာရီလောက်မှပါ။

နေ့လယ် ၁၂ နာရီ၊ ၁ နာရီလောက်မှ အိပ်ရာကနေ တတ်တာ ကျွန်တော့်ရဲ့အကျင့်။

ညဆို တစ်ညလုံးမအိပ်ဘဲ ကျွန်တော် ဘာလုပ်နေ လို့ ထင်ပါသလဲ? ကျွန်တော့်အတွက်တော့ ရေးကြီး ယ် အလုပ်တွေပါပဲ။

ခွေကြည့်တယ်။

စာဖတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမြဲလိုလို လုပ်ဖြစ်တာကတော့ အင်တာနက်သုံးရင်း g-talk ထဲမှာ Chatting ဝင်ဖြစ်တာပါပဲ။

ဘော်ဒါတချို့က ကျွန်တော့်ကို နာမည်ဖျက်ထား တယ်။

**'ညစောင့်ဇီးကွက်'** တဲ့။

သူတို့ပေးတဲ့ အဲဒီနာမည်ကို ကျွန်တော် အရမ်းကြိုက် ပါတယ်။

စဉ်းစားကြည့်လေ။

အခြားလူငယ်တွေလို ပျော်ပါးသောက်စား မူးယစ်ပြီး ညလုံးပေါက်ကပွဲခန်းမထဲရောက်နေတဲ့ ညမင်းသားတွေထက် စာရင်တော့ ကျွန်တော့်ဘာသာ ဇီးကွက်ဖြစ်တာ ဘာဖြစ်လဲ

သဘာဝလူ့ပတ်ဝန်းကျင်တွေထဲမှာ မနက် ၇ နာ လောက်ကတည်းက အိပ်ရာကထပြီး လူတွေနဲ့ ထိတွေ့ဆက် နေရတာထက်စာရင်တော့ ကျွန်တော့်ဘာသာ ဇီးကွက်ဖြစ်တာ ဘာဖြစ်လဲ။

သဘာဝ လူ့ပတ်ဝန်းကျင်တွေထဲမှာ မနက် ၇ နာ လောက်ကတည်းက အိပ်ရာကထပြီး လူတွေနဲ့ ထိတွေ့ဆက် နေရတာထက်စာရင် နေ့လယ် ၁ နာရီလောက်မှ လူ့ပတ်ဝန်း ကျင်ထဲရောက်တဲ့ ကျွန်တော်ဆိုတဲ့ဇီးကွက်က တော်ပါသေး တယ်။

ဘာကြောင့်လဲဆိုရင် . . .



အခြားလူတွေထက် ကျွန်တော်ဟာ နေ့စဉ် ၆ နာရီ လောက် အကုသိုလ်ကင်းတဲ့ကောင် ဖြစ်နေလို့ပါ။

ဒါပေမဲ့လည်း တစ်ဖက်သားအပေါ် မနာလို၊ ငြူစူ၊ တို၊ ပြိုင်ဆိုင်၊ အပုပ်ချခြင်းတွေ တစ်စထက်တစ်စ လျော့ လာတဲ့ ကျွန်တော်ဟာ ညတိုင်း ညတိုင်း On line ပေါ် တက်လာတဲ့ ကောင်မလေးတွေရဲ့ အကောင့်တွေထဲ သာဝါဒတော့ ကျူးလွန်မိပြန်ရဲ့။

အဲဒီကောင်မလေးကို ကြည့်ရတာလည်း ကျွန်တော့် များ ဖြစ်နေမလား။ ညဆို အထီးကျန်နေတယ် ထင်ပါ တယ်။

စကားလေးတစ်ခွန်း ကြားဖူးတယ်လေ။

အထီးကျန်သူနှစ်ယောက် ပေါင်းမိရင် ကမ္ဘာကျော် (Rome) 'ထာဝရမြို့တော်'ကြီးကိုတောင် စိတ်ကူးနဲ့ သိမ်းပိုက် တယ်တဲ့။

ခုလည်း ကြည့်ပါ။

လေလှိုင်းပေါ်က ကျွန်တော့်ရဲ့ စိတ်ကူးယဉ်ကမ္ဘာကြီး ထဲကို ပပဝတီဆိုတဲ့ တိုက်ခိုက်ရေးသမလေးဟာ တိတ် ဆိတ်ချဉ်းနင်းဝင်ရောက်လာပါပြီ။

ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးက နှလုံးသားချင်း စီးချင်း ထိုးတော့မယ့် အော်ပရေးရှင်း Project A Love ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာပါရှင်'

'ဟုတ်ကဲ့ပါ၊ မာလကာပင်'

'ကျွန်မနာမည် မာလကာပင် မဟုတ်ဘူးရှင့်'

'မာလကာမဟုတ်ရင် စမာကလာ စပါကလင်ပေါ့'

'အဲဒီလို စမာကလာ စပါကလင်က ရှင်သောက်ရ

ကျ မဟုတ်လား'

'ကိုယ့်အကြိုက်အစားအသောက်တွေကို မင်း သိထ

ချင်တယ်ဆိုရင်တော့ ကြိုပြောထားပါ့မယ်'

'လဲသေလိုက်'

'ကိုယ်က စပါကလင်နဲ့ ကြက်ဉနဲ့ ရောသောက်ရတ

ကို အကြိုက်ဆုံး'

'ကြိုက်ရင် ကိုယ့်ဘာသာ ဝယ်သောက်ပေါ့'

'ကိုယ့်ဘော်ဒါ စမာကလာတွေကတော့ စပါကလ

သောက်ရင် Gas ထုတ်ပြီးမှ သောက်ကြတယ်၊ အဲ

အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်ပဲ'

'ဘာလို့အဓိပ္ပာယ်မရှိရမှာလဲ၊ အအေးပုလင်းတွေမှ

ဒီလောက် Gas တွေများတာ ရှင်မသိဘူးလား'

'ဒါဆိုရင် လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာလည်း မလိုအ

ဘဲ တစ်ခါတစ်ခါ ရှူးခနဲ ပန်းထွက်တတ်တဲ့ Gas တွေ ရှိတ

ပဲလေ'



'လျှောက်ပြောမနေနဲ့'

'ကိုယ်ကတော့ စပါကလင်ထဲက Gas နဲ့ ခန္ဓာကိုယ်

ထဲက Gas ကို ချေဖျက်တတ်တယ်'

'ရှင့်ခန္ဓာကိုယ်ထဲက Gas က ဘာလဲ'

'လူ့ခန္ဓာကိုယ်ထဲက ပန်းထွက်တတ်တဲ့ Gas က

သွပဲလေ'

'ဟီး... ဟီး... တကယ်တော့ ရှင်ဟာ ငပေါပဲ'

'နေပါဦး... မင်းက ဘာအလုပ်လုပ်လဲ'

'ရှင်ကရော ဘာအလုပ်လုပ်လဲ၊ အားတာနဲ့ လိုင်းပေါ်

ကောင်မလေးတွေနဲ့ အခုလို ထိုင် Q နေတာပဲလား'

'ဟုတ်တယ်၊ ဒါ ကိုယ့်ရဲ့အလုပ်ပဲ'

'ဘယ်လို'

ကောင်မလေးဘက်က ဘယ်လိုထင်သွားလဲတော့

ပြောတတ်။ ကျွန်တော်ဟာ စာရေးဆရာတစ်ယောက်ပါလို့

ည်း ရှင်းပြမနေချင်ဘူး။ လောလောဆယ် ပြောတာပါ။

'ကဲပါ... မင်း ဘာလုပ်လဲ ကိုယ်မမေးတော့ပါဘူး'

'မေးပါ၊ ဒီက ဖြေချင်လို့ပါကိုး'

'ဒါဆို ဘာလုပ်လဲ၊ ပြော'

'ကျွန်မလည်း လူထဲက လူပဲရှင့်၊ ပိုက်ဆံရတဲ့ အလုပ်

တစ်ခုခု လုပ်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့ရွာက ဘဘုန်းကြီးမှာ ကပ္ပိယတစ်ယော ရှိတယ်၊ သူက ဘဘုန်းကြီးရဲ့ ငယ်ကျွန်ကြီးလိုပဲ၊ ဘဘုန်း သာသနာ့ဘောင်ကို စဝင်ကတည်းက အခုထက်ထိ နှစ်ပေါ ၂၀ လောက် ကပ္ပိယလုပ်စားလာတာ၊ သူ့မှာဖြင့် တစ်ပြ တစ်ချပ်မှ မရဘဲ လူလုပ်လာရတာ ကြာပြီ၊ ပိုဆိုးတာ လက်ထဲမှာ ဘယ်တော့မှ ပိုက်ဆံမရှိတဲ့ သူ့နာမည်က ဦး ကလေးတဲ့'

'ဒါဆို ရှင်ပြောချင်တာက လူမှန်ရင် အလုပ်တစ် လုပ်နေဖို့ပဲ လိုတယ်၊ ပိုက်ဆံမရှိလည်း ဖြစ်တယ်ပေါ့'

'ဒါပေါ့'

'ဟင့်အင်း… ကျွန်မ ရှင့်ကို တစ်ခုပဲမေးမ Money Make Everythings ဆိုတဲ့ စကားက ဘယ်သွား မလဲ'

တင်သွင်းမိတဲ့ အဆိုအတွက် ကျွန်တော် တိုင်ပ ပါပြီ။ တိုင်ပတ်တာ အကြောင်းမဟုတ်။ တိုင်မပျော အတွက်…

ဘယ်လိုပဲဖြစ်ဖြစ်

လူဆိုတာ ကိုယ့်စကားကို တာဝန်ယူရဲရတယ်ဆို ပြောနေကျအသံတွေကို ကြားဖူးတယ်မဟုတ်လား။

'မင်းကို ကိုယ် ပုံတစ်ပုံပြမယ်'

'ဘာအတွက်လဲ?'



'လူတိုင်း ပိုက်ဆံတစ်ခုတည်းအတွက် ရှင်သန်နေကြတာ မဟုတ်ဘူး၊ ဘာမှန်းမသိဘဲ သူ့အလိုလို ပေါ်ပေါက်လာတဲ့ လိုအပ်ချက်တစ်ခုချင်းစီအတွက်သာ ပိုက်ဆံကို အသဲအခဲလိုက်ရှာနေကြတာ မဟုတ်လား'

'ဟုတ်ပါပြီ၊ အခု ရှင်ပြမယ်ဆိုတဲ့ပုံကိုသာ ပြပါ'

'ခဏနော်… Scan ဖတ်ပြီး တင်လိုက်မယ်'


'OK ဘာလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့'

ကျွန်တော့်ရဲ့ မှတ်စုဒေတာတွေကြားက ပုံတစ်ပုံကို အောင်ပြန်ရှာပြီး ကောင်မလေးမြင်သာအောင် ပြလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com






(သူတောင်းစားက သူတောင်းစားအလုပ်လုပ်ရတယ် ဘယ်သူပြောပါသလဲ? ဤပုံကိုသာ သေချာကြည့်ပါ။)

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီပုံလား'

'Yes'

'မဆိုးပါဘူး၊ သေချာကြည့်တော့ ရှင့်ရဲ့ အတွေးအခေါ်လေးက သဘောကျစရာပဲနော်'

'သဘောကျရင် ရှေ့မှာချထားတဲ့ အလှူခံခွက်ထဲမှာ မင်းမှာရှိသမျှ ပိုက်ဆံကို လှူဒါန်းနိုင်ပါတယ်'

'ရှင် ဆိုလိုချင်တဲ့အဓိပ္ပာယ်က...?'

'မြင်တဲ့အတိုင်းပဲလေ၊ လူဆိုတဲ့သတ္တဝါက ပိုက်ဆံကို မရမက လိုက်ရှာနေကြတာတော့ မဟုတ်ဘူး၊ ပိုက်ဆံဆိုတာ ဘာမှ မည်မည်ရရမရှိတဲ့ အကြောင်းပြချက်တစ်ခုစီအတွက်သာ အမှန်တကယ်လိုအပ်နေတာပါ'

အဲဒီလို ကျွန်တော့်ရဲ့ ပေါက်လုပ်ပဲစားဒဿနကို တစ်ဖက်က ကောင်မလေးခမျာ စေ့စေ့ပေါက်ပေါက် လိုက်တွေးနေပုံရပါတယ်။ အတော်လေးကြာမှ...

'မထင်မှတ်ဘဲ ရှင်နဲ့ ကျွန်မ ခင်ခွင့်ရတာ အတိုင်းမသိ ကျေးဇူးတင်မိပါတယ်ရှင်'

'ဘာကျေးဇူးလဲ?'

'ကျွန်မ ရှင့်ကို ကျေးဇူးတင်တယ်လို့ ပြောနေတာပါ'

'အဲဒီကျေးဇူးဆိုတာ ငါတို့လမ်းထိပ်ဆိုင်မှာ ကလေးတွေ ဝယ်စားနေကျ ဆီးထုပ်တစ်ထုပ်လောက်တောင် အစပ်အဟပ်တည့်လို့လား'



'ရှင်...'

'ဖြစ်နိုင်ရင် မင်းအပေါ် ကျေးဇူးပြုဖူးတဲ့လူတွေကို ကျေးဇူးတင်တဲ့အထိမ်းအမှတ်နဲ့ ဆီးထုပ်တစ်ထုပ်စီ လိုက်ကျွေးကြည့်ပါလား'

'အဲလို ကျွန်မ လိုက်ကျွေးကြည့်ရင် ဘာဖြစ်မှာလဲ'

'သူတို့ကပဲ မင်းကို ကျေးဇူးစော်ကားတဲ့လူလို့ ထပ်ပြီးသမုတ်ကြမှာပေါ့'

'ကျွန်မ ရှင့်ကိုတော့ လိုက်မမီတော့ပါဘူးရှင်'

'လိုက်မမီတော့ရင်လည်း ရရာဂျက်လေယာဉ်ကိုသာ တားပြီး လိုက်ပေတော့'

သူ့ကို ကျွန်တော် နောက်ချင်လို့သာ နောက်လိုက်ရပါတယ်။

တကယ်တော့... ကောင်မလေး မသိသေးလို့ပါ။

ကျွန်တော်ဆိုတဲ့ ကောင်ဟာလည်း အခြားလူတွေလိုပါပဲ။ လူ့လောကအလယ်ကို ရိုးရိုးလေးရောက်ရှိလာတဲ့ ပါချီပါချက်တစ်ယောက်ပဲ ဖြစ်ပါတယ်။

တစ်ခါတလေမှာတော့ အဲကောင်မလေးလို ကျွန်တော်ဟာလည်း ဆက်သွယ်မှုဧရိယာပြင်ပကို ရောက်ရှိတတ်ကြောင်း ကိုယ့်ဘာသာကိုယ် မသိရှာပါ။

'ကိုယ်တို့တွေ စကားကောင်းနေတာနဲ့ မိုးတောင်လင်းတော့မယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ခုမှ ၃ နာရီ ၁၅ မိနစ်ပဲ ရှိပါသေးတယ်'

'ဒါနဲ့ မင်းရဲ့နာမည်ထဲက နောက်ဆုံးပန်းအဖြေကို မမေးတော့ဘူးလား'

'ပြဿနာမရှိဘဲ ပြဿနာရှာတဲ့ သမီးရည်းစားတွေရဲ့ကြားက နောက်ဆုံးပန်းကို ရှင်မသိလို့၊ အခြားအကြောင်းအရာတွေဆီ စကားလွှဲနေတယ် မှတ်လို့ပါ'

'အင်း...'

'ရှင် စဉ်းစားလို့ရပြီဆိုရင် အဖြေကို ပြောကြည့်'

'ဒါက ဒီလိုရှိတယ်ဆိုပါတော့'

'ဘာက ဘယ်လိုရှိတယ်လို့ ဆိုရမှာလဲ'

'သမီးရည်းစားအချင်းချင်းကြားမှာ မလိုအပ်ဘဲ နောက်ဆုံးအနေနဲ့ ပြဿနာရှာကြတယ်ဆိုကတည်းက မချစ်ကြတော့လို့၊ ဒါဟာ ရစ်တာပဲပေါ့'

'ဟင့်အင်း... တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်လွန်းအားကြီးရင်လည်း သံသယတွေနဲ့ ခဏခဏရစ်တတ်ကြပါတယ်'

'အဲလိုမဟုတ်ဘူးလေ၊ ကိုယ်ဆိုလိုချင်တာက..'

'ဟုတ်ပြီ၊ ကျွန်မ သဘောပေါက်ပြီ၊ ကျွန်မရဲ့မေးခွန်းထဲမှာကိုက နောက်ဆုံးပန်းလို့ ဝှက်ထားတာပဲ၊ နောက်ဆုံးအနေနဲ့ဆိုမှတော့ ချစ်သူတွေ တစ်ယောက်နဲ့တစ်ယောက် မချစ်ကြတော့လို့ပေါ့'



ကောင်မလေးရဲ့ စကားအရ ဆက်စပ်ကြည့်လိုက်ရင် အဖြေမှန်ဆီ မရောက်ရောက်အောင် တွန်းပို့ပေးနေမှန်း ရိပ်မိပါတယ်။

'မင်းကို ကိုယ်တစ်ခုလောက် မေးကြည့်ချင်တယ်'

'ကောင်းပြီလေ၊ ကျွန်မကချည်း မေးခွန်းတွေ ထုတ်နေတာ၊ ဒီတစ်ခါတော့ ရှင် ဘာသိချင်လဲ၊ ကျွန်မသိရင် ဖြေပါ့မယ်'

'အခုခေတ် သမီးရည်းစားတွေရဲ့ အချစ်သင်္ကေတကို မင်းသိလား'

'သိပ်သိတာပေါ့ရှင်'

'မင်းသိတာ ပြောကြည့်'

'ရှင် ကျွန်မကို အထင်မသေးရဘူးနော်၊ ကျွန်မ ရှင့်လိုပဲ ရွတ်တွတ်တွတ်တွေးမိသလောက်ကို ပွင့်ပွင့်လင်းလင်း ဖြေကြည့်မှာ'

www.burmeseclassic.com

www.burmeseclassic.com



အခုခေတ် သမီးရည်းစားနှစ်ယောက်ကြား
မရှိမဖြစ်လိုအပ်သည့် အချစ်သင်္ကေတဆိုသည်မှာ...

www.burmeseclassic.com


www.burmeseclassic.com



သံအိတ်ကြီးလိုပဲ

လွယ်ကူစွာနဲ့ မပေါက်ပြဲ

ယုံကြည်စိတ်ချ အဖော်နဲ့မို့



Alphaw

(Ps. ကောင်မလေး၏ နောက်ပြောင်ပြောကြားချက်
သက်သက်သာ ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



'No, No ငါမေးတာနဲ့ မင်းဖြေတာ တခြားစီပဲ'

'ဟုတ်တယ်လေ၊ ကျွန်မ ရှင့်ကို ပွင့်ပွင့်လင်းလင်း ဖြေမယ်လို့ စကားခံခဲ့သားပဲ၊ အခုခေတ် သမီးရည်းစားတွေ ဆိုတာ အရင်ခေတ်ကလို သုံးနှစ်သုံးမိုးမှမစောင့်နိုင်ဘဲ တူနှ ကိုယ်တဲအိုပျက်ဆိုတာတွေ နားစမ်းပါရှင်၊ ဒီဘက်ခေတ် လောက်, နေပူလိုက် မိုးရွာလိုက်ဖြစ်ပြီး အပြောင်းအလဲမြန်ဆ လွန်းတဲ့ သဘာဝတရားကြီးထဲမှာ သမီးရည်းစားတွေဟာ ဦးထုပ်ကိုယ်စီ မသုံးသင့်ဘူးလား'

မမြင်ရတဲ့ အဲဒီကောင်မလေးကို ကျွန်တော်ဟာ လုံး ဂါသွားပါတယ်။ (ဂါ=ဂါရဝပြုခြင်း)

'မဟုတ်တော့ မဟုတ်သေးဘူးကွ၊ အခုခေတ် သမီး ရည်းစားတွေကြားက သစ္စာဆန်တဲ့ အချစ်သင်္ကေတကို ငါ မေးနေတာ'

'သြော်...'

အဲဒီအခါမှပဲ G talk ထဲမှာ ကောင်မလေးက အခု ညီမျှခြင်းလေးတစ်ခု ချပြလာပါတယ်။



ခုခေတ် သမီးရည်းစားအချစ် = ၁၅ ကျပ်တန် (၀၀) ငုံးဥနှစ်လုံး

(Ps. ကောင်မလေး၏ ပျော်စေပျက်စေ အချစ်defination လေးတစ်ခုသာ ဖြစ်ပေသည်။)

www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာက ဘာကြီးလဲ?'

'ဟုတ်တယ်လေ၊ အရမ်းချစ်တဲ့ သမီးရည်းစားတွေ ဆိုတာ ၁၅ ကျပ်တန် ငုံးဥနှစ်လုံးကို ခဏခဏစားနိုင်မှ နှစ်ပေါင်း ၁၅၀၀ ထိ သက်ဆုံးတိုင် အားရှိပြီး ချစ်လို့ရမှာ ပေါ့'

'မင်းပြောပုံအရဆိုရင် ဟိုကြော်ငြာလိုပေါ့'

'ဘယ်ကြော်ငြာလဲ'

'... အားရှိရဲ့လား ... အားရှိမှ အကြာကြီးခံ'

'ရှင် တော်တော်ညစ်စုတ်တာပဲနော်'


'တလွဲမတွေးပါနဲ့ကွာ၊ ငယ်ငယ်တုန်းက ဘတ္တ ကြော်ငြာတစ်ခု ခေါင်းထဲရောက်လာလို့ ပြန်ဆိုမိတာပါ'

ကောင်မလေးကလည်း ပြောပါတယ်။

ခုနအဖြေဟာ ကျွန်တော့်ကို ပျော်စေပျက်စေ သ သက်နောက်တာပါတဲ့။

အဲဒီအဖြေနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ ပပဝတီ မှာ သူ့အကြောင်းပြချက်နဲ့သူရှိကြောင်း ထပ်မံသက်သေပြ တယ်။

□



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို...

ရောက်တတ်ရာရာတွေလျှောက်ပြောကြရင်း ကျွန်တော်တို့ရဲ့ စကားလမ်းကြောင်းဟာ လွဲချော်နေလေရဲ့။

ကျွန်တော့်ပဟေဠိလေးရဲ့နာမည် ပထမဦးဆုံးစာလုံးဟာ

မေ [?] [?] [?] [?] ဖြစ်ပြီး

အခု နောက်ဆုံးစာလုံး နောက်ဆုံးပန်းလေးကို အဖြေထုတ်ရမယ် ဆိုရင်တော့...

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပန်းရဲ့
သဲလွန်စ (၁)

ကောင်မလေးစကားထဲက သဲလွန်စများအရ နောက်ဆုံးပန်းဆိုတာ... ထက် သမီးရည်းစားတွေကြားမှာ နောက်ဆုံးအနေနဲ့ ပြဿနာမရှိတဲ့ ပြဿနာ... ရှာကြပြီဆိုကတည်းက တစ်ယောက်ကိုတစ်ယောက် မချစ်ကြတော့လို့... ဖြစ်မှာပါ။

မချစ်တော့ရင် အပြစ်လုပ်ကြရတော့မယ်။



...နောက်ဆုံးပန်းရဲ့
...သဲလွန်စ (၂)

အဲဒီလို...

တစ်ယောက်က တစ်ယောက်ကို မချစ်တော့တဲ့အခါမှာ ပြဿနာ...ရှာနဲ့ ပြဿနာလုပ်တတ်ကြတယ် မဟုတ်လား?

တကယ်တော့ ဒါ ရစ်နည်းတစ်မျိုးပဲ။

အဲဒီလို ရစ်ကြပြီဆိုကတည်းက ဒါဟာ... အချစ်နဲ့ပတ်သက်...း တစ်ယောက်ယောက်ကကို နောက်ဆုံးအနေနဲ့ သစ္စာ မရှိချင်တော့လို့ပဲ...ပြီး ကောက်ချက်ချရင် ရနိုင်ပါတယ်။

အဲဒါကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပန်းရဲ့
ကောက်ချက် (၃)

အဲဒီကောင်မလေးရဲ့ နောက်ဆုံးပန်းဟာ သစ္စာပန်းပဲ ဖြစ်ရပါလိမ့်မယ်။

ကျွန်တော် အဲဒီလို အဖြေထုတ်တော့ ကောင်မလေးဘက်က "that's Right" ဆိုတဲ့ စကားလေးနဲ့ တုံ့ပြန်ပြီး Off line ဖြစ်သွားရပါတယ်။



နောက်ဆုံးပန်းရဲ့
ကောက်ချက် (၄)

ဒီလိုဆိုရင် ကျွန်တော့်ပပဝတီလေးရဲ့ နာမည်အရင်းက

မေ ? ? ? သစ္စာ... ဆိုတာ

လုံးဝ သေချာနေပါပြီကောလေ။

www.burmeseclassic.com

www.burmeseclassic.com



(၄)

'ဒီတစ်ခါဝှက်မှာက ဒုတိယမြောက် စာလုံးနာမည်'

'အင်း...'

'ဘာအင်းလဲ'

'အင်းတော့ အင်းပဲ၊ အာဆီယံ ၁၀ နိုင်ငံမှာ documentary film ဒုတိယဆုရသွားတဲ့ ဒါရိုက်တာမင်းထင်ကိုကိုကြီးရဲ့ အင်းသီးဖြစ်ရင် ဖြစ်မှာပေါ့'

'ကျွန်မနာမည် အင်းသီးမဟုတ်တာတော့ သေချာတယ်ရှင့်'

'ဒါဆို နာမည်ရဲ့ ဒုတိယစာလုံးကိုပြော'

'အဲဒီအဖြေက ရှင်ဖြေရမှာလေ၊ ကျွန်မက ပဟေဠိဝှက်ရမယ့်လူ'

'အဲဒါဆိုလည်း ပဟေဠိဝှက်မှာဖြင့် မြန်မြန်ဝှက်၊ တော်ကြာနေ မီးပျက်သွားမှ ဒုက္ခ'

www.burmeseclassic.com

www.burmeseclassic.com



'မီးပျက်သွားလို့ ဒုက္ခရောက်တဲ့လူဆိုတာ တစ်ခါမှ မကြားဖူးပါဘူး၊ ဦးဘညွန့်ရဲ့ အချစ်ဒုက္ခပဲ ကြားဖူးတယ်'

'ဟင့်အင်း… ဘယ်ကလာ၊ အဲဒါ ဦးဘညွန့်ရဲ့ အချစ်ဒုက္ခမဟုတ်ဘူး၊ ဦးဘညွန့်ရဲ့ အခြောက်ဒုက္ခ'

'ဘာလဲရှင့်? ဦးဘညွန့်ရဲ့ အခြောက်ဒုက္ခဆိုတာ'

'ဟုတ်တယ်လေ၊ အချစ်ကြောင့် ဒုက္ခရောက်ရတာထက်စာရင် အခြောက်ကြောင့် ဒုက္ခရောက်မှာက ပိုမစိုးရိမ်ရဘူးလား'

'ကြည့်ရတာ ရှင်လည်း အခြောက်ကြောင့် ဒုက္ခရောက်ဖူးတယ်ထင်တယ်'

ကောင်မလေးကမှ တကယ့်ဒုက္ခပါပဲ။

ကျွန်တော့်ကို ဘာတွေလာမေးလို့ မေးနေမှန်းလဲ မသိ။

'အခြောက်တွေကြောင့် ခုချိန်ထိ ဒုက္ခများနေရတဲ့ ကိုယ့်သူငယ်ချင်းတစ်ယောက်တော့ ရှိတယ်၊ သူ့နာမည်က ချိုကြီး၊ ကိုဆိုးလို့လည်း ခေါ်တယ်'

'ကဲပါ… အဲဒါတွေ ထားပါတော့'

'ဘယ်ဟာတွေကို မထားရမှာလဲ'

'ပဟေဠိဝှက်တော့မယ်လေ'

'What'

'ဘာ What လဲ? ကျွန်မနာမည်ကို ပဟေဠိဝှက်တော့မယ်လို့ ပြောနေတာ'



'အေးလေ၊ ငါလည်း မင်းကို ဘာဝှက်မှာလဲ၊ What လို့ ပြန်မေးနေတာပေါ့'

'ရှင်ကလေ တကယ်ပဲ ဘာကြီးမှန်းကို မသိဘူး'

'မင်းကလည်း တကယ်ပဲ ဘယ်လိုလေးမှန်းကို မသိဘူး'

'တော်တန်တိတ်'

'အကြော်ပန်းကန်ဖိတ်'

'ဖိတ်တဲ့အကြော်တွေ ရှင်ပဲစား'

'ကိတ်တဲ့ဆော်တွေ အရှင်ပဲထား'

'လားလားမှလည်း မဆိုင်'

'အားအားတိုင်း ငါကွိုင်'

'ရှင်နော်'

'ရှင်မနော်ပါနဲ့၊ ငါတော်ပါတယ်၊ မင်းဘာသာ မေးစရာရှိတာသာ ဆက်မေးပေတော့'

'ဟုတ်ပြီ၊ ကျွန်မရဲ့ ဒုတိယပန်းနာမည်က ဒီလိုရှိတယ်'

ဒီလိုရှိတယ်ဆိုပြီး လိုင်းပေါ်မှာ သူ့ဘက်က ဘာမှ ပြန်တက်မလာတာကြာတော့…

'ဟိတ်… ပဲမျှားမယ်တော့ မကြံနဲ့၊ ငါက ဒီဘက်မှာ အလာ့ဂျစ် (!) ဖြစ်နေပြီ'

အဲဒီလို ကျွန်တော့်ဘက်က ပြန်ဆွဲလိုက်တဲ့အခါမှာ…

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ ဒီည ရှင် သောက်တာများလို့ မျက်နှာပေါ်မှာ အလှဂျစ်ထလာတာလား'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ အရက်ကြောင့် မဟုတ်ဘူး၊ ညတိုင်း ဆက်တိုက် On line ပေါ်မှာ ကောင်မလေးတစ်ယောက်ကို ပလီပလာလုပ်တာများသွားလို့ နှလုံးသားမှာ အလှဂျစ်ထချင်လာတာ'

ကဲ… ရှင်းလားတော့ မသိဘူး။

ဒီလိုတော့ လာကြောလို့မရဘူးလေ။ စကားတောင်စားရဲ့ ရာသီခွင်နဲ့ တစ်ထေရာတည်းမွေးဖွားလာတဲ့ ကျွန်တော့်ကို သူ ယှဉ်ပြောချင်ရင် အမတ်ကြီးဦးပေါ်ဦးရဲ့ ဇာတာသိဖို့ ပြန်လိုက်မှပဲ ရလိမ့်မယ်။

တစ်ဖက်မှာ ကျွန်တော့်ဘာသာတော့ ဟုတ်နေတာပဲ။ ဒီလိုနှင့်…



နှစ်ယောက်သား ရင်းနှီးစွာနဲ့
မိတ်ဆွေဖွဲ့ခြင်း မတိုင်ခင်အထိ
ငါ့မှာ
　　တောင့်တမှုတွေ
　　မွှတ်သိပ်မှုတွေ မရှိခဲ့ပါဘူး။
ကိုယ်…
အခု သိပြီ။
　　ဒီအသက်အရွယ်ထိ
　　ခြွင်းချက်မရှိ ပျောက်ဆုံးနေတဲ့အရာသာဟာ
　　မင်းဆီမှာပဲ ရှိနေတယ်ဆိုတာ
ငါကိုယ်ငါ မသိခဲ့ဘူးကွယ်။
အခုတော့…

**LEON GAMBETTA, statesman,**
**to Léonie Léon,**
**1879**

www.burmeseclassic.com

www.burmeseclassic.com



(ဒုတိယပန်း) ?

* ဘာကိုမှ မစဉ်းစားနဲ့။ အဝေးကြီး လျှောက်မတွေးကြေ...

အိမ်ကနေ အပြင်ထွက်တိုင်း သွားရင်းလာရင်းနဲ့တောင် မွှေးနေမယ့်ပန်း...

သူ့ဆီမှာ အနံ့ပဲရှိတယ်။

အရောင်လုံးဝမရှိသလို သူ့ကိုမှ အရောင်ပေါင်းစုံလုပ်ချင်လ...

လုပ်လို့ရတဲ့ "ရောင်စုံပန်း"

ရိုးရိုးလေးပါပဲ။

ဘယ်လောက်ရိုးသလဲဆိုရင် တစ်မျိုးလုံး တစ်ကြိုးလုံးပေါ်ရော...

နေလည်း မာန်မတက်ဘူး။

သိပ်မာန်တက်ပါတယ်ဆိုတဲ့ အမျိုးသမီးတွေ ခေါင်းပေါ်ရောက်...

ရင်တောင် ထိုအမျိုးသမီးရဲ့စိတ်ဓာတ်ကို တစ်ခဏတာ ရိုးရှင်းပြီး အေး...

စေပါတယ်။

ပြောပါ… ဘာပန်းလဲ?

တွေ့လား?

အဲဒီ ဦးထုပ်မလေးရဲ့ ပဟေဠိကို အားလုံးမြင်တော်မူ...

...အတိုင်းပါပဲ။

ဒုတိယပန်းက

ရိုးရိုးလေးလည်း ပြောသေးတယ်။

ရှည်ရှည်ဝေးဝေး လျှောက်မစဉ်းစားနဲ့တဲ့။ မေးထား...

...တာ အများကြီးပဲ။

ရိုးသားမှုကို စကားလုံးအများကြီးနဲ့ ဓာဖွဲ့ပြမှ ရပါ...

...လား?

ထားပါတော့…။

ဒုတိယပန်း ဘာပန်းလဲ ကျွန်တော် စဉ်းစားရပါတော့...

...ယ်။

…x …x x…

·x··x··x··

❐

www.burmeseclassic.com

www.burmeseclassic.com



## ယာဉ်ရဲ့ သဲလွန်စ (၁)

ကျွန်တော် အိမ်ကနေ အပြင်ထွက်တိုင်း သွားရင်းလာရင်းတောင်
တဲ့ပန်း. . . ?

ဆိုကြပါစို့. . .

ကျွန်တော်ဟာ စာရေးဆရာ၊ ဂျပလွတ်ဇာတ်ညွှန်းရေးဆရာလေး
ယောက်။

(ရိုက်ကွင်း) ရှုတင်ရှိလို့ အိမ်ကနေ အပြင်ထွက်တဲ့အခါ အရေး
Taxi တစ်စီး ငှားသွားလေ့ရှိတယ်။

အဲဒီအခါ လမ်းတစ်လျှောက်လုံး ကားငွေ၊ ဆီငွေ၊ လူငွေ့တွေက
ဘာပန်းရနံ့မှ ရလေ့မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပန်းရဲ့ သဲလွန်စ (၂)

ဟုတ်ပြီ။

သိပြီ။

အရေးကြီးပါတယ်ဆိုမှ ဇာတ်ညွှန်းရေးဆရာ ပျောက်နေလို့

ရှူတင်မှာ အောင်ရဲလင်း၊ အိန္ဒြာကျော်ဇင် (လမင်းလိုက်တမ်း) မင်းသ

မင်းသမီး၊ ဒါရိုက်တာက စုံနေပြီ။ ဇာတ်ညွှန်းရေးဆရာ မရောက်သေး

လားလို့ မန်နေဂျာက ဖုန်းဆက်တဲ့အခါ ကျွန်တော် ရောက်ခါနီးပြီ။ မီး

မိနေလို့ပါလို့ ပြန်ပြောလိုက်ပြီး ဖုန်းချလိုက်တဲ့အခါမှာတင် မီးပွိုင့်က ပန်း

လေးတစ်ခု ရှူရှိုက်လိုက်မိပါတယ်။

"စံပယ်ပန်းတွေ ရမယ်။ စံပယ်ပန်းတွေ...?"

ဒါဆို အဲဒီမီးပွိုင့်ပန်းလေးဟာ ရောင်စုံပန်းပဲပေါ့။



...ယပန်းရဲ့ ကောက်ချက် (၃)

စံပယ်ဆိုတာ...

တစ်လုံးကြီးပေါ်ရောက်နေလည်း ဖြူစင်ရိုးသားလွန်းတော့ တစ်မျိုး

... ဘယ်မာန်တက်နိုင်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပန်းရဲ့ ကောက်ချက် (၄)

တကယ်တော့...

အဖြူရောင်ဆိုတာ အရောင်မဲ့တဲ့ အရောင်တစ်မျိုးပါပဲ။

အဖြူရောင်အပေါ် အရောင်ပေါင်းစုံတင်ချင်ရင် တင်နိုင်ပါတယ်[illegible]

အားလုံးအတွက် သဟဇာတဖြစ်စေရမယ်။

ကျွန်တော်ကိုယ်တိုင်လည်း အဖြူရောင်စံပယ်ပန်းလို လူတွေပါ[illegible]

မွှေးတဲ့အခါ တစ်ပင်လုံးခြွေပြီး နွမ်းတဲ့အခါ လွှတ်ချထားခဲ့ကြပါ[illegible]

ကိုယ့်ရနံ့နဲ့ကိုယ် ဗွမ်းသလောက် အားလုံးကို လန်းဆန်းစေချင်[illegible]

တာ။

အဲဒါ စံပယ်ပါ။

တစ်ဖက်က...

ကျွန်တော့်ရဲ့ ပဟေဠိလေးနာမည်ဟာ... ခုလိုတောင်ဖြစ်နေပြီပဲ။

| | |
|---|---|
| ပထမပန်း | မေ (ပြင်ဦးလွင် = ချယ်ရီပန်း) |
| ဒုတိယပန်း | စံပယ် |
| တတိယပန်း | ...? |
| စတုတ္ထပန်း | ...? |
| နောက်ဆုံးပန်း | သစ္စာ |

ကဲ... ဘာဆက်လုပ်ကြမလဲ?

www.burmeseclassic.com

www.burmeseclassic.com



(၅)

နာမည်နဲ့လုပ်စားနေသူတွေအတွက်ကတော့ ဟုတ်တာပေါ့။

လူတစ်ယောက်ရဲ့ ဘဝမှာ နာမည်တစ်လုံးက အရေးကြီးဆုံးတဲ့။

ကျွန်တော့်မှာတော့ ထိုမဟုတ်တရုတ်မလေးတစ်ယောက်တည်းနဲ့တင် အရေးကြီးဆုံးပြဿနာက နာမည်ငါးလုံးတောင် ဖြစ်နေပြီကောလေ။

ခုတော့ တော်ပါသေးတယ်။

နောက်ထပ် နာမည်နှစ်လုံးပဲ သိဖို့ကျန်တော့တယ်။

သည်းခံခြင်းသည် အောင်မြင်ရာ၏တဲ့။

ဟင့်အင်း… ကျွန်တော့်ခမျာတော့ ကြိုးစားခြင်းသည်အနေ ကြောင်တောင်တောင်ဖြစ်ချင်နေပါပြီ။

'hi'

www.burmeseclassic.com

www.burmeseclassic.com



'ဟိုင်း၊ ဟိုင်း'

'hi! hi! hi tea'

'Hi Tea မင်းသောက်ချင်လို့လား'

အဲလိုပဲ။

ဘုန်းဘောက်။ နှစ်ယောက်သား မတွေ့လိုက်နဲ့။ တွေ့လိုက်တာနဲ့ ဒီအတိုင်းပဲ။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကလိနေကြသလိုပါပဲ။

ဒီတစ်ခါတော့ ပပဝတီလေးဘက်က သံတော်ဦးစတင်လာပါတယ်။

'ဘယ်လိုလဲ၊ တတိယပန်းကို ဆက်ဝှက်ရတော့မလား'

'မင်းဘာသာ ဝှက်ချင်ဝှက်၊ မဝှက်ချင်နေ၊ အမှန်ဆို ဒီလောက်နဲ့တင် ငါက ဆယ့်ငါးသိန်းတန်နေပြီ'

'ဘာလဲ… ရှင့်ကိုယ်ရှင် ပဟေဠိနန်းတော်ထဲ ရောက်နေတယ်များ ထင်နေလား'

ဖြစ်စရာလားတဲ့။

သေနာမလေးက ကျွန်တော့်ကို ကြိုကန်နေပါတယ်။

ဖြစ်စရာလား။

သူက ကျွန်တော့်ရဲ့ ဖြစ်စရာလားမဟုတ်ရင်တော့ တစ်နေ့ ကျွန်တော့်ရဲ့ ချစ်စရာလေးလားဖြစ်ဖို့ ဆက်လက်ကြိုးစားရပါလိမ့်ဦးမယ်။



(တတိယပန်း) ?

နာမည်သိပ်မကြီးဘူး။

သို့သော်…

တစ်ရာသီထဲမှာ နာမည်တစ်လုံးနဲ့ နေတဲ့ပန်း? အဲဒီ တစ်ရာသီရဲ့ နာမည်နဲ့ပါ လုံးဝကိုက်ညီလှပနေတဲ့ပန်း?

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်းလေ လောကီသားပေမို့…

ကိုယ့်ခန္ဓာနဲ့ကိုယ်။ ကိုယ့်ဝဋ်နဲ့ကိုယ် လည်နေရသလိုပါပဲ။ ကိုယ်ကိုယ်တိုင် စိတ်ကြိုက်ဖန်တီးရေးဆွဲလိုက်မိတဲ့ ကောင်မလေးနဲ့ ကိုယ့်ရဲ့ အချစ်သံသရာ ဘယ်လောက်ပင်ရှည်ရှည် ချစ်သူရင်ခွင်ဆီမှာတော့ အဆုံးသတ်ချင်နေပါပြီ။

သူ့ကို ကျွန်တော် အပြင်မှာ အရမ်းတွေ့ဖူး မြင်ဖူးချင်နေပါပြီ။

စိတ်အားတင်းထားပါတဲ့။

မှတ်တိုင်ရောက်ဖို့ ၂ မှတ်တိုင်လောက်ပဲ လိုတော့တယ်လို့ ကျွန်တော့်ကိုယ်စောင့်နတ်က ပြောပါတယ်။

ဂြိုဟ်စီးဂြိုဟ်နင်းတွေ ကောင်းကောင်းသိဖို့ မလိုပေမယ့် ‘အချစ်နက္ခတ်’တစ်ခု ပိုင်ဆိုင်နိုင်ဖို့အတွက် ကိုယ့်ချစ်သူရဲ့နာမည်အပြည့်အစုံလေးတော့ သိထားသင့်တယ် မဟုတ်လား?

www.burmeseclassic.com

www.burmeseclassic.com



နာမည်သိတာနဲ့ အပြင်မှာတွေ့ဖို့ ချိန်း။

ပြီးမှ…

ကျန်တာတော့ ကျန်တဲ့အပိုင်းပဲ… ဆက်လှုပ်ရှား ဒါပဲပေါ့။

လွယ်လွယ်နဲ့တော့ စံပယ်တွေ ဘယ်ပွင့်ပါ့မလဲ?

'ပွင့်လာပါသော စံပယ်လေး လန်းပါစေ' လို့ပဲ ကျွန်တော် မျှော်လင့်ဆုတောင်းနေမိပါတယ်။

အဲဒီအတွက်…

ကျွန်တော် ကောင်မလေးနာမည်သိဖို့ နှစ်လုံးပဲ ကျ… တော့တယ်။

ပန်းတိုင်ဆီသို့ ကျွန်တော်ဟာ ဆက်ချီတက်ရင်း တစ်နေ့ အောင်မြင်မှုသရဖူ ဆောင်းနိုင်ဖို့အတွက်တော့…

မကြာမီ လာမည် မျှော်ပေါ့။



BURMESE CLASSIC .com

သိပ်ဂေါက်လုပ်ရှုပ်လုပ်ပါသော

ငါ့ရဲ့ပဟေဠိအိန်ဂျယ်မလေးရေ…

မတန်တဆကြီး ကံမကောင်းရင် နေပါစေ။

ဒီလောက်နဲ့တော့ မရပ်နိုင်သေးဘူးကွယ်။

ထောင့်ငါးရာလေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တတိယပန်းက နာမည်သိပ်မကြီးဘူးတဲ့။

အဲဒါ ပြဿနာမရှိပါ။

အဓိကက သူ့မေးခွန်းထဲမှာပါတဲ့ "တစ်ရာသီထဲမှာ နာမည်တစ်[…] နေတဲ့ပန်း" ဆိုတာပဲ ဖြစ်ရမယ်။

အဲဒါ စဉ်းစားစရာပဲ။

တဖြည်းဖြည်းနဲ့ ကျွန်တော့် IQ လည်း ဒီကောင်မလေးနဲ့[…] ဓားသွေးကျောက်ပေါ် ရောက်နေသလိုပဲ။ ခဏ ခဏ သွေးနေရပါတယ်[…]

ဘယ်လိုကြီးပဲဖြစ်ဖြစ်ပါ။

၁၈ သူ့ကို IQ ချင်တော့လည်း အနည်းဆုံးတော့ ရှိသလေ[…] ကိုယ်ပိုင် IQ လေးကို ကောင်းမွန်အောင်အသုံး ချရပြီပေါ့လေ။

BURMESE CLASSIC .com

[…]ယပန်းရဲ့ သဲလွန်စ (၁)

တစ်ရာသီထဲမှာ နာမည်တစ်လုံးနဲ့ နေတဲ့ပန်း...?

ဒီလိုစဉ်းစားကြည့်ရင်...

နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီဆိုတဲ့ ရာသီဥတုသုံးပါးပဲ […]တို့ဆီမှာရှိတာ မဟုတ်လား?

ဟုတ်ရင်... နွေရာသီမှာ နာမည်တစ်လုံးတည်းတော့ မဟုတ်ဘူး။ […]ကြီးတဲ့ "ဝိတောက်" ပန်းဆိုတာ ရှိမယ်။

"ဝိ" ဖြစ်ဖြစ်၊ "တောက်" ပဲဖြစ်ဖြစ် သူ့နာမည်ထဲ ထည့်မှည့်ဖို့ရာ […] ကြားမကောင်းပါ။

ကဲ...

ဒီလိုဆိုရင် မိုးရာသီထဲ ဝင်ကြည့်လိုက်တော့ ပွင့်သောပန်းတွေက […]ရှိမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ...

အကုန်လုံးသာ လျှောက်စဉ်းစားပြီး ဆက်စပ်ကြည့်နေရင် … သွားနိုင်တယ်။ တကယ်ကြီးကို သေလောက်ပါပေတယ်။

အာ...

သိပြီ။ ဒီကောင်မလေး မေးခွန်းထဲမှာ အဖြေပါပြီးတဲ့အ… ကျွန်တော် လမ်းလွဲသွားအောင် မေးခွန်းကို လှည့်စားပြီး ချော်တော… တာပဲ။

ကံကောင်းလို့ အချိန်မီသိလိုက်ရတယ်။

×.. ×...

တစ်ရာသီထဲမှာ နာမည်တစ်လုံးနဲ့နေတဲ့ပန်းလို့ပဲ ပြော… တစ်ရာသီမှာ နာမည်တစ်လုံးနဲ့ ပွင့်တဲ့ပန်းလို့ မေးထားတာမှ မဟုတ်…

ဘယ်ရာသီမှာ ဘာပန်းပွင့်လဲ? ကျွန်တော် လျှောက်စဉ်းစား… စရာ မလိုတော့ဘူး။

ကောင်မလေးရဲ့ မေးခွန်းထဲမှာ အဖြေပါပြီးပြီဆိုတာက...



…ပန်းရဲ့ သဲလွန်စ (၂)

အဲဒီ တစ်ရာသီရဲ့ နာမည်နဲ့ပါ လုံးဝကိုက်ညီလှပနေတဲ့ပန်း? ဆိုနေမှတော့...

www.burmeseclassic.com

www.burmeseclassic.com



တတိယပန်းရဲ့ ကောက်ချက် (၃)

အဲဒီတစ်ရာသီဆိုတာက...

"ဆောင်း"ရာသီပဲ ဆိုကြပါစို့။ အဲဒီလို "ဆောင်း"ရာသီဆို
နာမည်နဲ့ပါ လုံးဝကိုက်ညီလုပနေတဲ့ ပန်းဆိုတော့ကား...

"ဆောင်း"နာမည်နဲ့ Match အဖြစ်ဆုံးက

"နှင်း"



တတိယပန်းရဲ့ ကောက်ချက် (၄)

"နှင်း"ဆိုတာ...

"ဆောင်း"တစ်ရာသီထဲမှာ နာမည်တစ်လုံးနဲ့ နေတာပဲ။

အဲဒါ...

"နှင်း"ပန်းပဲပေါ့။

နှင်းပန်းဆိုတာ နာမည်သိပ်ကြီးလို့လား?

www.burmeseclassic.com

www.burmeseclassic.com



ပထမပန်း ဓမ (ပြင်ဦးလွင် - ချယ်ရီပန်း)
ဒုတိယပန်း စံပယ်
တတိယပန်း နှင်း
စတုတ္ထပန်း ... ?
နောက်ဆုံးပန်း သစ္စာ

သူမနာမည် "ပပဝဝတိ" - "ဓမ စံပယ် နှင်း ? သစ္စာ"



မင်းဟာ ကဗျာတစ်ပုဒ်ပါပဲ။

မဟာအတွေ့အကြုံနဲ့ ဇာတ်အိမ်ရေးဖွဲ့ထားတဲ့ သမိုင်းကဗျာရှည်လို သမိုင်းမော်ကွန်းကဗျာမျှားလား။

"မောင့်ကို သနားပါဦး ခင်ရယ်" လို့ ခယဝပ်တွားတဲ့ အမျက်ပြေကဗျာလား။

ဒါမှမဟုတ်ရင် ရှိတ်စပီးယားရဲ့
တစ်ဆယ့်လေးကြောင်းစပ် လင်္ကာမျိုးလား။
မဟုတ်ဘူး... မဟုတ်ဘူး...
အဲဒီကဗျာတွေဟာ
လူတွေ အထူးကြိုးစည်အားထုတ်ထားတဲ့ ခံစားချက်အတုတွေပါ။
မင်းကတော့ ချိုမြတဲ့ ရိုးသားဖြူစင်တဲ့ ယော်ရှင်မြူးကြွတဲ့ ကရုဏာသဒ္ဒါပြည့်ဝတဲ့ ဇာတ်လမ်းလင်္ကာကဗျာမျိုးပါပဲ။

**NATHANIEL HAWTHORNE, Writer,**
**to his wife Sophia**
**1839**

www.burmeseclassic.com

www.burmeseclassic.com



(၆)

ဘာရယ်မဟုတ်ဘဲ On line မှာ ကျွန်တော်တို့နှစ်ယောက် ဒီလောက်ထိ 'တာ' သွားခဲ့ကြတာ ဘာကြောင့်လို့ထင်ပါသလဲ?

လူ့ဘဝရဲ့ပဟေဠိမေးခွန်းတွေကြောင့်များလား ကျွန်တော်မသိပါ။

သေချာတာ တစ်ခုပဲ။

မနက်ဖြန်မနက်၊ နေထွက်ချိန်တိုင်းကို ဘယ်သူတပ်အပ်ပြောနိုင်ပါသလဲ?

အဲဒီလို တစ်နေ့ချင်း တစ်ရက်ချင်းစီကို ရင်ခုန်စောင့်ဆိုင်းမျှော်လင့်နေရတာကိုက ပဟေဠိတစ်ပုဒ်ပဲ မဟုတ်ဘူးလား။

အဲဒါကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ဆိုတဲ့ကောင်ရဲ့ဘဝမှာလည်း မေးခွန်းတွေကို တန်ဖိုးထားချစ်နေရတာပါ။

ကမ္ဘာမှာ 'ပဟေဠိ'ဆိုတဲ့အရာကို စိတ်ဝင်စားပြီး စတင်ဖော်ကျူးခဲ့တဲ့ လူတွေဟာ ဘယ်လူမျိုးတွေပါလိမ့်?

ပုံပြင်တစ်ခုထဲမှာ ဖတ်ဖူးတာမို့ ကျွန်တော့်စိတ်အထင် အရတော့ 'ပဟေဠိ'ကို စစိတ်ဝင်စားခဲ့တဲ့ ကမ္ဘာပေါ်က လူမျိုးတွေဟာ တရုတ်လူမျိုးတွေပဲ ဖြစ်လိမ့်မယ်။

ဘာကြောင့်လို့ ထင်ပါသလဲ။

စဉ်းစားကြည့်လေ။

တရုတ်လူမျိုးတွေ မက်မက်စက်စက် ကြိုက်နှစ်သက်တဲ့ အစားအစာတွေထဲမှာ 'ပေါက်စီ'ဆိုတာ ပဟေဠိတစ်မျိုးပဲ မဟုတ်လား?

အဲဒီ ပေါက်စီရဲ့ အတွင်းသားမှာ ဘာအသားကို မြှုပ်နှံထားပါလိမ့်?

ကျွန်တော့်အတွက်တော့...

တစ်ဖက်က ပပဝတီလေးဟာလည်း တစ်နေ့ ကျွန်တော် ပက်ပက်စက်စက် ခံတွင်းတွေ့လိမ့်မယ့် ပေါက်စီလေးတစ်လုံးပဲ ထင်ပါတယ်။



ငါ့ရဲ့ တစ်ဖက်သတ်ပေါက်စီမလေးရေ...
မင်းအတွက်
ငါ့ရင်ထဲ အတွင်းပိုင်းမှာ "အနှစ်အသား" ချည်းပါပဲ။
ငါ့အတွက်
မင်းရင်ထဲ အတွင်းသားမှာ
ဘာကိုမြှုပ်နှံထားပါသလဲ?

www.burmeseclassic.com

www.burmeseclassic.com



(၇)

'ဘယ်လိုလဲ၊ ရှင် ဒီနေ့ အေးဆေးပါလား'

ကျွန်တော့်ရှေ့တည့်တည့်က Laptop screen မှာ မျက်ဝါးထင်ထင် ထွက်ပေါ်လာတဲ့ အဲဒီစာသားလေးကို ကျွန်တော်က...

'အေးဆေးပဲလေ၊ ငါ့ဘက်က မင်းနာမည်တစ်လုံးပဲ ဖော်ထုတ်ဖို့ ကျန်တော့တာ၊ အေးဆေးပဲပေါ့'

'ဟုတ်လှချည်လား၊ ရှင့်ကိုယ်ရှင် အပိုင်တွက်ထားတယ်ပေါ့'

ကောင်မလေးစကားက ဘာသဘောပါလိမ့်။ ကျွန်တော် နည်းနည်းတော့ တွေသွားရတယ်။ ပြီးမှ ကျွန်တော် ပြန်ဖြေလိုက်တယ်။

'ဒါပေါ့၊ အပိုင်ကွက်မို့ အပိုင်တွက်တာ ဘာဖြစ်လဲ၊ မင်းဟာ ငါ့ g talk ထဲက ကောင်မလေးဖြစ်နေပြီပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ကလည်းရှင်... ငါ့လက်ခုပ်ထဲက ရေလို့ ပြောချင် ပြောစမ်းပါ'

'လက်ခုပ်ထဲကရေဆိုတာ အာစွတ်ရုံပဲ၊ ဘာလုပ်ရမှာလဲ၊ ငါ့ g talk ထဲက ကောင်မလေးဆိုမှ ငါပွားချင်တိုင်း ပွားလို့ရတာပေါ့၊ ဟုတ်ဘူးလား'

အဲကောင်မလေး ပါးစပ်ပိတ်သွားတယ်။

ပွားခဲ့တဲ့အတိုင်းပဲ ကျွန်တော် ဆက်ပွားရပါလိမ့်မယ်။

'ကဲ... မေး၊ မင်းရဲ့ ပဌမမြောက်မေးခွန်း'

'ပဌမမြောက်မေးခွန်းကို သိချင်ရင် ပဌမံဒီရိုင်းကြီးကို သွားမေးကြည့်ပေါ့'

'အဲဒီ ပဌမံကြီးက မင်းအဖေအရွယ်လောက် ရှိနေပြီ၊ စာရေးဆရာ ဦးပဌမံဒီရိုင်းကြီးက မင်းအဖေမို့လို့လား'

'ရှင် ပေါက်ကရတွေ လျှောက်မပြောနဲ့နော်၊ အဲဒီ လူကြီးကို အဖေတော်ရအောင် ကွယ်လွန်သူ ကျွန်မအမေက စာရေးဆရာတွေဆိုရင် လုံးဝအထင်မကြီးဘူးရှင့်'

ကောင်မလေးက ကျွန်တော် စတာ လုံးဝမခံဘူး။

သူက ဒိုင်းနဲ့ကာတော့လည်း ကျွန်တော် ဦးနှောက် သုံးပြီး ရှိရာဓားနဲ့ ဆက်ခုတ်ရတာပေါ့။

'စာရေးဆရာ ဦးပဌမံကြီးမှာ အထင်ကြီးစရာ တစ်ကွက်တော့ ရှိတယ်'

'အဲဒီလူကြီးကို ဘာအထင်ကြီးရမှာလဲ'



'မင်းအမေကြီးကို ပြောလိုက်၊ အဲဒီ စာရေးဆရာကြီးရဲ့ အထင်ကြီးစရာအကွက်က နှာခေါင်းကြီးပဲလို့'

'ဘာ... သူ့နှာခေါင်းက အထင်ကြီးစရာဖြစ်အောင် ချွန်နေလို့လား၊ ကြီးနေလို့လား'

'ဟင့်အင်း... ကြက်တူရွေးလို နှာတံကောက်ကြီး ဖြစ်နေလို့'

သူ့အမေကြီး အထင်ကြီး၊ စိတ်ပျက်သွားစေအောင် ဦးပဌမံကြီးကို စာရေးဆရာတွေကိုယ်စား တစ်ခါတည်း ခေါင်းဆုံးပို့ပေးလိုက်ခြင်း ဖြစ်ပါတယ်။ ကောင်မလေးရဲ့ ဆက် တုံ့ပြန်သံကတော့...

'ကဲ... တော်တော့၊ ရှင့်ရဲ့ ဗရွတ်ရွတ်နှောက်စကားတွေကို။ ကျွန်မရဲ့ ပဌမမြောက်၊ စတုတ္ထမှာမည်မေးခွန်းက...'

□

www.burmeseclassic.com

www.burmeseclassic.com



(စတုတ္ထပန်း) ?




**Knife**

Ps/အရှေ့က အရာဝတ္ထုတစ်ခုလုံးကို နောက်ကအရာ
ကြိုက်သလိုသာလုပ်ပါ။

∴ Ans = -151 & Flower?

www.burmeseclassic.com

ဒါဟာ ပပဝတီလေးရဲ့ စတုတ္ထနှာမည်၊ နောက်ဆုံး မေးခွန်းလေးပဲ မဟုတ်လား?

ဒီမေးခွန်းကို ကျွန်တော် အဖြေထုတ်နိုင်တာနဲ့ ပြီးပြီ။ အားလုံးပွဲသိမ်းသွားပြီ။

သူ့နာမည် အပြည့်အစုံသိတာနဲ့ သူ့နာမည်လေးကို အော်ခေါ်ပြီး အပြင်မှာတွေ့ဖို့ ချိန်းပစ်လိုက်မယ်။

မေးခွန်းတွေနဲ့ ကျွန်တော့်ကိုလာပြီး ဦးစားတဲ့ ကောင်မလေး။ ဒီလောက်စားချင်နေမှတော့ ကျွန်တော်နဲ့ အပြင်မှာတွေ့ရှာ အပြတ်ကျွေးမွေးပြုစုပစ်လိုက်မယ်။

တစ်ယောက်နဲ့တစ်ယောက် တီတီတာတာလေးတွေ ပြောပြီးတော့...

ဟေး... မေ စံပယ် နှင်း ? သစ္စာရေ... မင်းစားချင်တာစား၊ ဦးနှောက်တော့ မစားနဲ့ဟော့ဆိုပြီးတော့ နောက်လိုက်ဦးမယ်။

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် . . .

အခုကတည်းက စိတ်ကူးနဲ့သာ မိုးချုပ်ရင် ချုပ်ပါစေ ကျွန်တော် သူမကို တွေ့ရဖို့အရေး ပျော်နေတာတော့ အမှ ပဲ။

တစ်ခုတော့ရှိတယ်။

အဲဒီ မြို့ပြလေးဆီ အလည်သွားဖို့ ဒါမှမဟုတ် မြို့သစ်လေးမှာ အတည်တကျနေထိုင်ဖို့ ကျွန်တော့်မှာသ ရင်ခုန်သံတွေ လှိုင်းထနေရတယ်။

အဲဒီ ××××× မြို့နယ်လေးမှ ကြိုဆိုပါ၏လော

နှုတ်ခွန်းဆက်သပါ၏လော!

ကြိုတင်မသိရှိသေးပါ။

ကျွန်တော့်အဖြစ်က စိုးရိမ်ရပါတယ်။

ရင်ခုန်ရပါတယ်။

ကြည်နူးမိပါတယ်။

ပြီးတော့ . . .

ရည်စူးပြီး တိုင်တည်မိပါတယ်။ ကျွန်တော်မျိုး ကံကောင်းပါစေလို့ပေါ့။

အနမ်းပန်းလေးတစ်ပွင့် ပေးပါတော့လားကွယ်။

ပြီးတော့ အနမ်းပွင့်လေးတွေ ပွားကြပါစို့။

ဟော . . .

တစ်ပွင့်ကနေ အပွင့်နှစ်ဆယ်ဖြစ်၊

အဲဒီနောက် . . .

ရာပေါင်းများစွာသော အပွင့်များနဲ့ပေါင်း။

အဲဒီလို ကလူကျီစယ်ကြတဲ့ သာယာကြည်နူးချိန်လေးတွေဟာ အားနည်းလို မက်မပြေနိုင်ပါဘူးကွယ်။

ဒါပေမဲ့ . . .

ဒီထက်ပိုပြီး တောင့်တမိတဲ့အချိန်လေးတွေ ရှိသေးတယ်။

ပြောလည်း ပြောပြချင်တယ်။

ရှက်လည်း ရှက်တယ်။

မေးစက်ရာအိပ်ယာမှ နှစ်ကိုယ်ကြား

ပြောတော့မယ်ကွယ်နော်။

**ROBERT HERICK**

**1591-1674**

www.burmeseclassic.com

www.burmeseclassic.com



ကဲ… ကြာပါတယ်။

အချိန်ဆွဲတယ်ဆိုတာ အကောင်းဆုံးလုပ်မယ့် အလုပ်တွေမှ
အချိန်ယူတာ ကောင်းပါတယ်။

အချစ်မှာ အချိန်တွေဆွဲနေရင် ကိုယ်ပဲ ကျန်သွားနိုင်တယ်။ ခံ
သွားရနိုင်တယ်။

ချစ်ရင် ချစ်တယ်။ မုန်းရင် မုန်းတယ်။ လွမ်းရင် လွမ်းတ
နမ်းချင် နမ်းမယ်။

အချစ်မှာ တိုင်မပတ်ကြေး။

အဲဒါကြောင့် ပဟေဠိလေးမေးတဲ့ နောက်ဆုံးမေးခွန်း စတုတ္ထ
ကို ကျွန်တော် စပြီးစဉ်းစားခန့်ဝင်ရပါတော့မယ်။

x… x… x

xx… x…

xx… xx…

… x… x… x



တုတ္ထပန်းရဲ့ သဲလွန်စ (၁)

**Knife** ဆိုတာကို စဉ်းစားကြည့်ရအောင်…။

အဲဒီ ဝေါဟာရအတိုင်းဆိုရင်တော့… ကလေးတောင် သိတယ်။

**Knife** = ဓား

ဆိုရင်… ဓားရှေ့က… မျဉ်းစောင်းက ဘာလဲ?

ကန့်သတ်ခြင်းလား?

ပိုင်းဖြတ်ခြင်းလား?

စည်းတားခြင်းလား?

ဒါမှမဟုတ် တစ်ခုခုကို ဆိုလိုတာလား?

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထပန်းရဲ့ သဲလွန်စ (၂)




ဒီပုံစံအတိုင်းဆိုရင်တော့
ဒါဟာ ပြက္ခဒိန်တစ်ခုပဲ
မဟုတ်လား?



စတုတ္ထပန်းရဲ့ သဲလွန်စ (၃)

∴ **Ans = -151 & Flower?**

ကျွန်တော့်ပဟေဠိလေးရဲ့ နောက်ဆုံးမေးခွန်းမှာ ဒါဟာ အဖြေပဲ ဆိုတော့ကား... ?

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထပန်းရဲ့ ကောက်ချက် (၁)

ပြက္ခဒိန် = နေ့၊ လ၊ နှစ်... တစ်နှစ်တာတည့်ရှိရာရပ်ဝန်း

အဲဒီ နေ့ လ၊ နှစ်ကို ဓားနဲ့ပိုင်းဖြတ်ကြည့်မယ်ဆိုရင် ဘာဖြစ်သွားနိုင်သလဲ?

ပြက္ခဒိန်မှာ DEC လို့လည်း ရေးထိုးထားတယ်ဆိုတော့ DEC = DECEMBER ပေါ့။

DEC မှာ 31 ရက်ရှိမယ်။

တစ်နှစ်တာလုံးရဲ့ နောက်ဆုံးလလို့လည်း သတ်မှတ်ရနိုင်တယ်။

ဒီအတိုင်းဆို သိပြီ။

အားလုံးကို တစ်ခုချင်း ခြေရာခံကြည့်လိုက်တဲ့အခါ...



စတုတ္ထပန်းရဲ့ ကောက်ချက် (၂)

ပုံပါအရဆိုရင်...




**Knife**

ပြက္ခဒိန် ပိုင်းဖြတ်ခြင်း ဓား

သေချာကြည့်ရင် ပုံက **DECEMBER** လကို ဓားနဲ့ပိုင်းနိုင်းတာ မဟုတ်ဘူး။ ပြက္ခဒိန်တစ်ခုလုံးကို ဓားနဲ့ဖြတ်နိုင်းထားတာလေ။

∴ အဲဒီပြက္ခဒိန်မှာ လပေါင်း ၁၂ လရာသီရှိမယ်ဆိုရင်...?

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထပန်းရဲ့ ကောက်ချက် (၃)

| | | | |
|---|---|---|---|
| Jan | 31 | + 59 | + 181 |
| Feb | 28 | | |
| March | 31 | + 61 | |
| April | 30 | | |
| May | 31 | + 61 | |
| Jun | 30 | | |
| July | 31 | + 62 | + 184 |
| August | 31 | | |
| September | 30 | + 61 | |
| October | 31 | | |
| November | 30 | + 61 | |
| December | 31 | | |
| | 365 | | |

ဟင့်အင်း။ ∴ **Ans = -151 & Flower** ဆိုတော့ ပြက္ခဒိန်ကို ဒီလို ပိုင်းဖြတ်လို့တော့ မရသေးပါ။



စတုတ္ထပန်းရဲ့ ကောက်ချက် (၄)

ဒါဆို...

ပြက္ခဒိန်တစ်ခုလုံးရဲ့ ပထမခြောက်လပေါင်းရက် 181 ရက်ထဲက နေ (-151) နုတ်ကြည့်မယ်ဆိုရင်ရော...

181 - 151 = 30

∴ 30 ရက်ကျတဲ့ အဲဒီလမှာ - ?

www.burmeseclassic.com

စတုတ္ထပန်းရဲ့ ကောက်ချက် (၅)

x = (Jan + Feb + March + April + May + Jun) - 151
x = (31 + 28 + 31 + 30 + 31 + 30) - 151
x = (~~151~~ + 30) - ~~151~~
x = 30
∴ x = Jun

သူမရဲ့ မေးခွန်းပါ အဖြေအတိုင်းဆိုရင်လည်း...

-151 & Flower = - 151 ပြီးတော့ ပန်းဟာ?

ဆိုတော့ကား...

(Jun) ဇွန်ပန်းပဲပေါ့။



မင်းကို ငါ မတွေ့ခင်တုန်းက
အမျိုးသမီးတွေဟာ
ဒီပုတ်ထဲက ဒီပဲတွေချည်းပဲလို့ ထင်ခဲ့မိတယ်။
ဒါပေမဲ့ အချစ်ရယ်...
အခုတော့...
အသီခေါက်ခက် အဝင်နက်တဲ့
ဘုန်းကြီးတစ္ဆေ ငါဖြစ်နေပြီ။
ဘာကြောင့်လဲဆိုတော့
မင်းဟာ ဘယ်အမျိုးသမီးနဲ့မှ မတူလို့ပဲပေါ့။
ငါကတော့
မင်းကို အရာအားလုံးထက်
ပိုပြီးချစ်နေမိပြီ။

**Sam Weller's Valentine Letter to Mary,**
**Pickwick Papers,**
**by CHARLES DICKENS,**
**1836**

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကဲ...

ရာဇဝင်ဆိုတဲ့ကောင်... ကျွန်တော့်ရဲ့ စုံစမ်းထောက်လှမ်း...

g talk ထဲက ပွှားဖက်တော်ကောင်မလေးရဲ့ နာမည်အရင်းအပြည့်...

ဟာ...

"မေ စံပယ် နှင်း ငွန် သစ္စာ"

လို့ သိရှိပြီးနောက်မှာတော့ ဘာတွေဆက်ဖြစ်လိမ့်မယ် ထင်...

သလဲ?

(ဂ)

'မေ စံပယ် နှင်း ငွန် သစ္စာ'

'ဘာလဲ'

'မင်းကို ကိုယ်ချစ်တယ်'

'ဘယ်လို'

'ဒါ အံ့ဩစရာမှ မဟုတ်တာဘဲ။ ချစ်လို့ ချစ်တယ်ပြော...

...တာ ဘာဖြစ်လို့လဲ'

ကောင်မလေးက အထွန့်တက်တဲ့အခါ ကျွန်တော့်...

...ဘက်က နှင်းပြောမိတယ်။

၃ မိနစ်စာလောက် ကောင်မလေးဘက်က အသံတိတ်...

...သွားရတယ်။

ဆိုင်းမဆင့် ဗုံမဆင့်၊ လင်းကွင်းမတီး၊ စည်းနဲ့ဝါးမပါ...

...ဘဲ ရုတ်တရက်ကြီး ပြောချလိုက်တဲ့ ရည်းစားစကားကြောင့်...

...လေား မသိ။ သူမရဲ့မျက်နှာမှာ ရှက်ကိုးရှက်ကန်းအရိပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းနေလိမ့်မယ်လို့လည်း ကျွန်တော် တစ်ဖက်ကနေ မှန်းဆကြည့်နေမိပါတယ်။

တိတ်တဆိတ်ငြိမ်သက်ခြင်းကို ကောင်မလေးဘက်က နေ ပြန်ဖြိုခွင်းလိုက်ပုံက…

'သူစိမ်းယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ရဲ့ကြားမှာ ချစ်တယ်ဆိုတာမပါရင် မရဘူးလား'

'ဘုရားရေ… မင်း ဘာပြောချင်တာပါလိမ့်'

ကျွန်တော် သူ့ကို ချစ်ဖို့ကြံရုံရှိသေး။ ဘုရားတမှု နေရပါပြီ။ ကောင်မလေးရဲ့ မေးခွန်းကို ကျွန်တော် ကြိုးစားပြီး ပြန်ဖြေကြည့်တယ်။

'ချစ်တယ်ဆိုတဲ့စိတ်ဟာ ကမ္ဘာဦးစကတည်းက ပါလာတဲ့ မဖြစ်မနေ လူသားဆန်တဲ့ ဝါဒီတစ်ခုပဲ မဟုတ်လား'

ကျွန်တော့်ဘက်က ရုပ်တည်ကြီးနဲ့သာ ပြန်ဖြေလိုက် ရတယ်။ ကောင်မလေး ဘာပြန်ပြောမယ် မသိ။

'ဘာလဲ… ရှင်က အချစ်နဲ့ပတ်သက်ပြီး အာဒံနဲ့ ဧဝခေတ်ကို ပြန်ဆွဲချင်နေတာလား? သူတို့တွေ တစ်ယောက် ကိုတစ်ယောက် တကယ်ချစ်ခဲ့တယ်လို့ရော ရှင် ထင်နေလား? ဘယ်သူက ဘယ်သူ့ကို ရည်းစားစကားစပြောခဲ့တယ်ဆိုတာ ရော ရှင် သက်သေပြနိုင်မလား၊ ကျွန်မသိအောင် တဆိတ် လောက် ပြောပြစမ်းပါ'

'ကျွတ်…'



သူမရဲ့ အတွေးအခေါ်တွေမှာ စုတ်တစ်ချက်သပ်ရင်း ကျွန်တော် ငေါက်သွားချင်တယ်။

အချစ်နဲ့ပတ်သက်တဲ့ သူမရဲ့ မေးခွန်းတွေဟာ ရိုးရိုး လေးပါပဲ။ ဒါပေမဲ့ စဉ်းစားစရာ။

အာဒံက ဧဝကို ရည်းစားစကား စပြောခဲ့တယ်ပဲ ထား။ ဧဝကရော အဲလောက်လွယ်သတဲ့လား?

ဧဝကို ကြိုးစားရတာ လွယ်တယ်ဆိုရင်လည်း ဘယ်လိုပို့ချချက်တွေနဲ့ အာဒံဟာ ရည်းစားစကားကို ဘယ်လို သတ်ပုံတွေပေါင်းပြီး ဘယ်လိုမျိုး အသံထွက်ခဲ့ပါလိမ့်?

ကမ္ဘာဦးမှာ သူတို့နှစ်ဦး ဘယ်လိုမျိုး နားလည်မှုတွေ ယူခဲ့ပါသလဲ?

သူတို့နှစ်ဦး ပေါင်းဖက်ခဲ့ကြတဲ့အချိန်မှာ အကြင်နာ တွေ၊ မေတ္တာတွေ၊ သစ္စာတွေဆိုတာ ကျွန်တော့်အထင်ကတော့ ရှုးရှူးဝါးဝါးတွေပဲ ဖြစ်မှာပါ။

အဲလို ထင်မိတာကလည်း တစ်ဖက်က ကျွန်တော့် ရဲ့ ပပဝတီလေး (သို့) မေစံပယ်နှင်းဖွန်သစ္စာမလေး တင်ပြ ခဲ့တဲ့ အချစ်ရဲ့ ဆိုက်ကိုကြောင့်ပါ။

ဘာရယ်မဟုတ်ဘဲ ကျွန်တော့်ရဲ့ Laptop Wallpaper မှာ အနောက်ပါပုံလေးကို ရှာကြံတင်မိလိုက်ပါတယ်။

❐

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာဦးရည်းစားစကား




မောင်မောင်အာဒံက မယ်မယ်ဧဝကို ကမ္ဘာဦးမှာ ရည်းစားစကား ပြောခန်း။

မှတ်ချက် ။ ။ အချစ်နှင့် နားလည်မှုဆိုသည်မှာ

တကယ်တမ်းကျ "ဂူးဂူးဝါးဝါး" တွေပဲ ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ခဏခဏပြောပြောနေကြတဲ့
အချစ်ဆိုတာ...
တကယ့် တကယ်တမ်းတော့
ရူးရူးဝါးဝါးတွေပါပဲ။



ကလေးတွေကို မခြောက်နဲ့ဆိုတဲ့ စကားကို သင်တို့ ကြားဖူးပါသလား?

ကမ္ဘာဦးအစကတည်းက ဆင်းသက်လာတဲ့ အချစ်ဆိုတာ တကယ်တမ်းကျ မကောင်းဆိုးဝါး မိစ္ဆာတစ်ကောင်လိုပါပဲ။

မိစ္ဆာကောင်ကို မမြင်ဖူးတော့ တွေ့ဖူးချင်ကြတယ်။ ကြောက်စရာကြီးဆိုတာကို သူများအပြောနဲ့တင် လက်မခံချင်ကြဘူး။

ရွှးဝမ်းကြတယ်။

ရှေ့တိုးကြည့်တယ်။

တကယ်တမ်းမှာ အဲဒီမိစ္ဆာကောင်ကိုလည်းတွေ့ရော ရင်ဖိုသလိုလို ကြည်နူးသလိုလိုနဲ့ နောက်ဆုံးတော့လည်း ကြောက်စရာကြီးပါလားဆိုပြီး နောက်လှည့်ပြန်ပြေးသွားချင်မိတာ အချစ်ပါပဲ။

တကယ်တော့...

ကျွန်တော်တို့အားလုံး တွေ့ဖူး မြင်ဖူးချင်နေကြတဲ့ အချစ်ဆိုတာ နောင်လာနောက်သားတွေကို ပြန်ပြောပြရုံလောက်သာ ရင်ခုန်စရာကောင်းကြောင်း သင်တို့ ကောင်းကောင်းကြီးသိမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ပတ်သက်ပြီး . . .

အချစ်က ဘာလဲဆိုတာ ကျွန်တော်ကတော့ အချိန်နှောင်းမှပဲ ကောင်းကောင်းကြီးသဘောပေါက်ခွင့် ရရှိခဲ့ပါတယ်။

□



(၉)

နောက်တစ်ပတ်ရဲ့ နောက်တစ်ည။

Super Sunday လေးရဲ့ စံတော်ချိန် ည ၁၀ နာရီခန့်မှာပေါ့။

'မင်း ငါ့ကို လှည့်ပတ်ပြီး အရှုးလုပ်မနေနဲ့တော့၊ အချိန်ကြာတယ်၊ အမြန်အဖြေပေး'

'ဟွန်း . . .'

ကောင်မလေးဘက်က အဲဒီစကားလေးတစ်ခွန်းပဲ Line ပေါ် တက်လာတယ်။ 'ဟွန်း' ဆိုတဲ့ သူ့အမူအရာလေးက ဘယ်လိုပုံစံလေးလဲ မသိ။ နှုတ်ခမ်းလေးပဲ ထော်နေလား။ နှာခေါင်းလေး ရှုံ့ပြီးပဲ ခေါင်းလေးတခါခါ ဖြစ်နေမလား ကျွန်တော့်ဘက်က မမြင်ရတော့ မသိပါ။

အပြင်မှာ လုံးဝမမြင်ဖူးလို့ Web.cam တပ်ပြီး စကား ပြောကြမယ်ဆိုတော့လည်း မေစံမယ်နှင်းဆွန်းသစ္စာမလေးက လက်မခံပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ? သူ့ရုပ်လေးက ငွမ်းနေလို့လား? ဘာပဲဖြစ်ဖြစ် ငွမ်းကာမှ ငွမ်းရော။ လွမ်းကာမှ လွမ်းရော။ ကျွန်တော် တစ်ဖက်မှာ သေလောက်အောင် ရှုးနေရပါတယ်။

စစ်မြေပြင်ပေါ်ရောက်မှတော့ လက်နက်ကျသွားရင် တောင် အောင်လံထူဖို့ အလံတိုင်ကို ကောက်ကိုင်ပြီး ဆက် ချီတက်ရပါလိမ့်မယ်။

ကီးဘုတ်ပေါ်က လက်ကွက်မှာ သူမဖတ်ဖို့ စာလုံး ပေါင်းသတ်ပုံတွေကို အောက်ပါအတိုင်း ကျွန်တော် ပေါင်းချ လိုက်မိတယ်။

သဘောကတော့…

ကျွန်တော့်ရင်ဘတ်ထဲက ဆန္ဒနဲ့ပတ်သက်ပြီး ဝေ့လည် ကြောင်ပတ်လုပ်နေရှာတဲ့ ကောင်မလေး တစ်ခါတည်း ပျော် ဝင်သွားရအောင် မေးခွန်းလေးတစ်ခုနဲ့ ချောင်ပိတ်ရိုက်ပစ်လိုက် တာပါ။

တစ်လျှောက်လုံး ကျွန်တော့်ကို ဆရာလုပ်ခဲ့တဲ့ သူမ ရဲ့ အပျော့စားမေးခွန်းတွေလောက်တော့ ဒီတစ်ခါ ကျွန်တော် ကိုယ်တိုင် ဖန်တီးတီထွင်ထားတဲ့ အပြင်းစားနောက်ဆုံးမေးခွန်း လေးက သနားတယ်။

မေစံပယ်နှင်းဖွန်သစ္စာ (ခေါ်) ငါ့ရဲ့ ပပဝတီလေး ရေ … မချစ်ဘဲမနေနိုင်အောင် မင်း ကြိုးစားပေတော့။

❐



ဂုဏ်ထူးမှတ်ထွက်ဖို့ ကမ္ဘာကျော် ကြားပွဲနားဝ မေးခွန်းတွေကို ဖြေဆိုရတာထက်စာရင် ဘာမဟုတ်တဲ့ "Yes Or No" ဆိုတဲ့ တစ်မှတ်တန် မေးခွန်းလေးတစ်ခု ပြန်ထုတ်ပြီး အဖြေလွှာကို ပြောင်းပြန်လှန်ပစ်မယ်။

စာမေးပွဲကျရင် ကျပါစေ။

ဒီပို့စ်ကတ်မှာ တစ်မှတ်မှမရရင်လည်း ဖြစ်ပါတယ်။ မေးခွန်းတွေ ထုတ်တဲ့ ကျွန်တော့်ရဲ့ ဆရာမလေးရော ဘဝမှာ ကိုယ့်ကိုယ်ကိုယ် ရယ်ဗီရှင် (revision) သေချာပြန်ဆိုခဲ့ပါရဲ့လား?

ဖြေပါ။

Yes or No

www.burmeseclassic.com

www.burmeseclassic.com



သူမရင်ဘတ်ထဲက ကျွန်တော့်ဆန္ဒလေး အလိုလိုထွက်ကျ
လာဖို့အတွက် ကျွန်တော်ကိုယ်တိုင်
သေသေချာချာဖန်တီးထားတဲ့ မေးခွန်းလေးမှာ...



## မုသားဖော်ဖက် - ?

သင်သည် နေ့စဉ်နဲ့အမျှ လူတွေကြားမှာ အလကားချောအောင် မုသားပြောနေကျ လူတစ်ယောက်လား?

ဒါမှမဟုတ်


တစ်ဦးတစ်ယောက်ကို ရင်ဘတ်ထဲမှာရှိရက်နဲ့ တစ်မုံတစ်ရာဖွင့်ပြောပြဖို့ အခက်အခဲတွေနေသူတစ်ယောက်လား?

ထိုနှစ်ဦးနှစ်ယောက်အတွက် ကျွန်တော်ကိုယ်တိုင် ဖန်ဆင်းတီထွင်ထားတဲ့ "မုသားဖော်ဖက်" လေးဆီ အရောက်လာခဲ့ကြပါ။ အားလုံး အဆင်ပြေသွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com






ခေတ်မီ အထူးကြည့် မှန်ဘီလူးပုံစံ မုသားဖော်စက်

www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီ အနကြည့် မှန်ဘီလူးပုံစံ မှုသားဖော်စက်

(၁၀)

'ကောင်းပြီ၊ ကျွန်မ ရှင့်ရဲ့ မှုသားဖော်စက်ရှေ့ကို ရောက်နေပြီပဲ ထားပါတော့၊ ကျွန်မ ဘာဆက်လုပ်ရမလဲ'

'နံပါတ် 1 the eye ဆိုတဲ့ ရှေ့တည့်တည့်မှာ မင်းရဲ့ ညာဘက်မျက်လုံးကို ကပ်ကြည့်လိုက်ပါ။

'ဟင်း... ဘယ်ဘက်မျက်လုံးနဲ့ပဲကြည့်ကြည့်၊ ကြည့်လို့မရဘူးလား'

'လူတစ်ယောက်ကို တစ်ယောက်က စပြီးလှည့်စားတော့မယ်လို့ ကြံရွယ်တဲ့အချိန်မှာ ညာဘက်မျက်လုံးက စတင်အလုပ်လုပ်တယ်ကွ'

'ရှင့်ကို ဘယ်သူပြောသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ဘူဇွာမလေးပဲ။ ကျွန်တော့်ကို လူစွာမလေးလို ပြန်ပြီးရန်ထောင်တယ်။

'ပြန်မမေးနဲ့၊ ငါခိုင်းသလိုသာလုပ်'

ကျွန်တော်ကလည်း ပြန်ပြီး ဟောက်စားလုပ်ပစ်လိုက်တယ်။


'ဘာလဲ၊ နံပါတ် 2 the mouth ဆိုတဲ့နေရာမှာ ကျွန်မပါးစပ်ကို ကပ်ထားရမှာ မဟုတ်လား'

မဆိုးပါဘူး။ ကျွန်တော့်ကောင်မလေးမှာ ချက်ဆိုနားကွင်းပါ ပါပြီးသားထင်ပါရဲ့။ (ဟုတ်တယ်လေ။ ဒီဘက်ခေတ် ကောင်မလေးတွေပဲ။ ချက်ဆို နားကွက်က မီးလင်းစရာလား။ ချက်ဆိုရင် နားကွင်းဖောက်ပြီးသား။ အထာနပ်စာတတ်ကောင်မလေးတွေကို ဆိုလိုတာပါ။) ကျွန်တော်က စကားဆက်လိုက်တယ်။

'နံပါတ် 3 the heart ဆိုတဲ့ မှန်ဘီလူးရှေ့တည့်တည့်မှာတော့ မင်းရဲ့ရင်ခွင် လက်ဝဲဘက်လေးကို အသာကပ်ထားကြည့်လိုက်ပါ။ ဆိုလိုချင်တာ လူတွေဟာ လက်ဝဲဘက်အသည်းနှလုံးက ရင်ခုန်နှုန်းအတိုင်းကိုလိုက်ပြီး လက်ယာဘက်မျက်လုံးကနေ စပြီး ညာတတ်တယ်။ ဘယ်လိုညာသလဲဆိုတော့ ပြောင်းပြန်အချိုးအတိုင်း ပါးစပ်က လိုက်ညာပေးတာပေါ့။ ဥပမာကွာ...

(On line ပေါ်မှာ ကျွန်တော့်ဘက်က လုပ်ကြံဖန်တီးထားတဲ့ ပုံလေးတစ်ပုံ ထပ်တင်ပြီး သက်သေပြလိုက်တယ်)





မုသားဖော်စက်ထဲက မုသားဖျူဟာ လုပ်ဆောင်ချက်

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ပြောသလို လက်ဝဲဘက်အသည်းနှလုံးနဲ့ လက်ယာဘက်မျက်လုံး ပြောင်းပြန်အချိုးအတိုင်း အလိမ်အညာစကားတွေ ပေါ်ထွက်လာကြေးဆိုရင် ကျွန်မရဲ့ လက်ယာဘက်မျက်လုံးကိုပိတ်ပြီး အဖြေပေးကြည့်မယ်၊ ရှင် ယုံမှာလား၊ ကျွန်မ မုသားမပြောချင်လို့'

'ပေးကြည့်လေ၊ မင်းပေးတဲ့အဖြေ ဘာပဲဖြစ်ဖြစ် ငါ ယုံယုံကြည်ကြည် ယူမှာပါ၊ တစ်ခုတော့ ရှိတယ်'

'ဘာလဲ'

ကျွန်တော် ဆက်မပြောသေးဘဲ ကိုယ့်အတွေးနဲ့ ကိုယ်မှိန်းမောနေလိုက်တယ်။ ပြီးတော့မှ ဒီလိုရှိတယ်ဆိုပြီး ချပြလိုက်တဲ့အခါမှာတော့ On line ပေါ်မှာ ကျွန်တော်ချစ်တဲ့လူဆီကအဖြေကို ချောင်ပိတ်ပြီး အရယူနိုင်ခဲ့ပါတယ်။

ဘာကြောင့် ဘယ်လိုအရယူနိုင်ခဲ့သလဲဆိုတာကတော့...

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ သင် တကယ်မှသားမပြောတတ်တာ သေချာသွားပါလိမ့်မယ်။

ဒီထက်ပိုသေချာသွားတာတစ်ခုကတော့ ကျွန်တော့်ရဲ့ မှသားတော် တက်ကျေးဇူးကြောင့် အပြင်မှာ လူချင်းမမြင်ဖူးခင်မှာပဲ ကျွန်တော်နဲ့ ကောင်မလေးတို့ On line ပေါ်မှာ တရားဝင်ချစ်သူတွေ ဖြစ်သွားကြပါတယ်။

❐



## သင်သည် လုံးဝ မညာတတ်ပါ

yes or no

သင့်ပတ်ဝန်းကျင်အတွက်ဖြစ်စေ...

သင် ချစ်ခင်နှစ်သက်ရပါသော လူတစ်ယောက်အတွက်ဖြစ်စေ...

(ဟောဒီ ဝတ္ထုထဲက ကျွန်တော့်ကောင်မလေးကို ပြောတဲ့အတိုင်း အထက်ပါ yes or no ဆိုတဲ့ စာသားလေးကို မျက်နှာမူပြီး သေချာစိုက်ကြည့်ထားပါ။)

သင်သာ မှသားမပြောချင်သူဆိုရင် လက်ယာဘက်မျက်လုံးကို ပိတ်ထားတဲ့ လက်ကလေးအတိုင်းရွှေ့ပြီး စာသားဘက်အခြမ်းကို ပိတ်ပစ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လိမ်လည်လှည့်ဖြားမှုနဲ့ ပြည့်နှက်နေတဲ့
သစ္စာမရှိတဲ့လောကကြီးကို ငါမုန်းတယ်။
        ဒါပေမဲ့
        ပွင့်လှင့်နေတဲ့ ငါ့နှလုံးသားကတော့
        မင်းကို ထာဝရရှာနေတုန်းပါပဲ။
ရှာမတွေ့တိုင်းလည်း
နာကျင်တဲ့ ပရိဒေဝမီးတွေ
လောင်မြိုက်တာကို ခံစားနေရပါတယ်။
        ဒီအကြောင်းတွေကို
        ဒီထက်ပိုပြီးတော့လည်း
        မတွေးချင်တော့ပါဘူး။

**PETER ABELARD, Priest,**
**to Heloise, nun,**
**C. 1119**



(၁၁)

'ရှင် ကျွန်မကို ချစ်မယ့်အစား ကိုယ့်ကိုယ်ကိုယ် ပိုပြီးချစ်ကြည့်ပါလား၊ ဥပမာ မန္တလေးသူလေးတွေလိုပေါ့'

'ဘာဆိုင်လို့လဲ၊ ကြင်နာသောအားဖြင့် မင်း ငါ့ကို မညစ်ပါနဲ့တော့ကွာ'

ကျွန်တော် ပတ်ချွဲနှပ်ချွဲလေး ပြန်ရိုက်လိုက်တယ်။ အဲဒီအခါ ကျွန်တော့်ကောင်မလေးက…

'ဟုတ်တယ်လေ၊ မန္တလေးသူလေးတွေက သူတို့ရဲ့ မန္တလေးမှ မန္တလေး၊ မန္တလေးမြို့လေးကိုပဲ အရမ်းချစ်တာ ရှင် မသိဘူးလား'

သူသိတယ်ဆိုတဲ့အထာနဲ့ ကောင်မလေးက ကျွန်တော့်ကို ဖဲ့တယ်။ ကျွန်တော်ကလည်း တစ်ဆိတ်မှ အလျှော့မခံဘဲ…

www.burmeseclassic.com

www.burmeseclassic.com



'လက်စသတ်တော့ မင်းဟာ မန္တလေးသူပဲ ဖြစ်ရမယ်'

'နိုး… နိုး… နိုး… ရှင် ဒီလိုတော့ လာမအစ်နဲ့လေ၊ ရှင်နဲ့ ကျွန်မ On line ပေါ်မှာ တရားဝင်သမီးရည်းစားပဲ ဖြစ်ခွင့်ရမယ်၊ ရှင် ကျွန်မကို အပြင်မှာတွေ့ခွင့်ရမယ်များ ထင်နေလား'

'ဘယ်လို…'

ကျွန်တော် အံ့သြသွားရတယ်။

စဉ်းစားကြည့်လေ။ တစ်ကြိမ်တစ်ခါမှတောင် မတွေ့ဖူးတဲ့ ချစ်သူချင်း အပြင်မှာ ဘယ်တော့မှတွေ့ခွင့်မရကြေးဆိုတော့ မလွန်လွန်းဘူးလား။

ကျွန်တော့်ဘဝဟာ မစခင်ကတည်းက ကြေကွဲရမလိုပါပဲလား။

'မင်း နေရပ်လိပ်စာလေးတော့ ငါသိအောင် ပြောပါကွာ'

ကျွန်တော် မရရအောင် ဆက်တီးခေါက်ကြည့်တယ်။

'သေချာတာကတော့ ကျွန်မက မန္တလေးသူ မဟုတ်ပါဘူးရှင်၊ ရှင့်ကို ကျွန်မ နေရပ်လိပ်စာ မပြောပြနိုင်ဘူးဆိုတာက ကျွန်မမှာ ကိုယ့်အကြောင်းနဲ့ ကိုယ်မို့ပါရှင်'

'အဲဒါ ဘာအကြောင်းများပါလိမ့်?'



သူမမှာ ကျွန်တော် အသိမခံနိုင်စရာ အားအားကြောင်းတွေများ ရှိနေလို့လဲ?

ပွဲမထွက်ခင် ဖျာခင်းမိတဲ့ ကျွန်တော့်အတွက် ပွဲလှန်မိုးနဲ့ တည့်တည့်ကြီးတိုးရတော့မှာလား?

ဘုရားသခင်ရယ်။ ကျွန်တော့်ကို မ,စပါ။

ချစ်သူနဲ့ မျက်နှာချင်းဆိုင်တွေ့ခွင့်ရဖို့အတွက် အကြည့်ချင်းဆုံပြီး စကားလေးတွေ တီးတီးတာတာ ပြောခွင့်ရဖို့အတွက် ကျွန်တော်မျိုးကြီး သေလုအောင် ကြိုးစားရပါလိမ့်ဦးမယ်။

'လုပ်ပါကွာ၊ ငါ့ရဲ့မျှော်လင့်ချက်ကို မချိုးပါနဲ့'

'ရှင့်ရင်ထဲမှာ ကျွန်မကို ချစ်နေတယ်ဆိုရုံနဲ့ မပြီးဘူးလား၊ ဘာလဲ၊ သမီးရည်းစား အထိအတွေ့လေးတွေ ရှိနေမှ ချစ်တယ်ဆိုတာကို ရှင် ယုံကြည်လက်ခံထားတာလား'

'ဘုရားရေ…'

ကျွန်တော် ဘာကိုမှ ချက်ချင်းကြီး ပြန်ပြောမထွက်ခဲ့ဘူး။

မေစံပယ်နှင်းဖွန်သစ္စာဆိုတာ ဘယ်လိုမိန်းမမျိုးပါလိမ့်။ ကျွန်တော့်အချစ်ကို လှော့တွက်နေတာလား? ဒါမှမဟုတ် ကျွန်တော့်အချစ်ကို စော်ကားလိုက်တာလား?

သူမနဲ့ပတ်သက်ပြီး ခံစားမိတဲ့ ကျွန်တော့်အချစ်ခံယူချက်ဟာ ပေါ့သေးသေးတော့ မဟုတ်ကြောင်း ကျွန်တော် သက်သေပြရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ… ငါ မင်းကို လုံးဝမတွေ့ဘဲ တစ်သက်လုံး ဒီအတိုင်းချစ်ပြနိုင်တယ်၊ မင်းမယုံရင် စောင့်ကြည့်'

'နေဦး'

သူ တစ်ဖက်ကနေ ကျွန်တော့်ကို ချက်ချင်းကြီး ဟန့်တားပစ်လိုက်တယ်။ ပြီးတော့ ဆက်ပြောလာတယ်။

'ကျွန်မ ရှင့်ကို ယုံပါတယ်၊ တကယ်တမ်း ကျွန်မ မယုံတာက…'

ရုတ်တရက်ကြီး connection တွေပြုတ်ကျပြီး ကောင်မလေးဘက်က off line ဖြစ်သွားရတယ်။

သူမ စကားဆုံးအောင်ထိ နားမထောင်လိုက်ရတဲ့ ကျွန်တော့်အဖို့ တဒင်္ဂအချိန်လေးမှာတင် တစ်ခုခုလိုအပ်သွားသလိုပါပဲ။

နေရင်းထိုင်ရင်း ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်သွားရပါတယ်။

အဲဒီအချိန်မှာတင် On line ပေါ်ကို သူမ ပြန်တက်လာပြီဆိုတာကို papawadi ဆိုတဲ့ အကောင့်လေးကနေ အချက်ပြန်ပြလာပါတယ်။

သူမ ဘာဆက်ပြောလာမလဲ။ ကျွန်တော် မျှော်လင့်စောင့်စားနေမိပါရဲ့။

'don't ဆိုတဲ့ စကားနဲ့ လူတွေကို ကျွန်မ ဘယ်တော့



မှ အမိန့်မပေးချင်ဘူး၊ အဲဒါကြောင့် မလွဲသာတဲ့အခြေအနေမှာ ရှင် ကျွန်မလိပ်စာကို သိအောင်စုံစမ်းချင်တယ်ဆိုရင် စုံစမ်းပါ။ သေချာတာကတော့ ဘာမဆိုဖြစ်နိုင်ပါတယ်၊ ဘယ်တော့မှ ဒူးမထောက် လက်မမြှောက်ကြေး၊ ဝမ်းမနည်းကြေး၊ ရှင် အရမ်းသိချင်နေရှာတဲ့ ကျွန်မ နေရပ်လိပ်စာကတော့…

× × × ×

× × × × ×

× × × × ×

× ×

www.burmeseclassic.com

www.burmeseclassic.com



★★★ နောက်ဆုံးအကြိမ်မြောက်

ဝက်ဖြစ်ခဲ့တဲ့ မေစံပယ်နင်းငွန်သစ္စာ (ခေါ်)

ပပဝတီလေးရဲ့ နေရပ်လိပ်စာပဟေဠိမှာ...

www.burmeseclassic.com

www.burmeseclassic.com



★★★

စိန်နန်းတော်လည်း မဟုတ်။

ရွှေနန်းတော်လည်း မဟုတ်။ မြနန်းတော်လည်း မဟုတ်ရပါဘူး။

ရန်ကုန်မြို့ရဲ့

တစ်ခုတည်းသော နန်းတော်ကြီးပါ။

အဲဒီမှာ...

လွန်ခဲ့တဲ့ ၃ လကအထိ ကျွန်မ အလုပ်လုပ်ခဲ့ဖူးတယ်။

ကျွန်မအကြောင်း တစေ့တစောင်းနဲ့ နေရပ်လိပ်စာကို အဲဒီက လူတွေဆီမှာ မေးမြန်းစုံစမ်းကြည့်မယ်ဆိုရင် သိနိုင်ပါတယ်။

ကျွန်မ ချစ်သူ အဆင်ပြေပါစေ။

ဘဝတစ်သက်တာလုံး ပျော်ရွှင်နိုင်ပါစေ။

အသေချာဆုံးတစ်ခုက

ဘယ်သောအခါမှာ

ဘာပဲဖြစ်ဖြစ် **Don't give up** ပါ

ချစ်သူရေ...

www.burmeseclassic.com

www.burmeseclassic.com



# (၁၂)

'ဟူး...'

ကျွန်တော် သက်ပြင်းရှည်ကြီးကိုပဲ လိုမ့်ချနေမိတော့တယ်။ ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော နန်းတော်ကြီးတဲ့။ ပေါက်ပေါက်ရှာရှာပဲ။ တတ်လည်း တတ်နိုင်လွန်းပါတယ်။

မန္တလေးမှာ နေတာမဟုတ်ဘူးဆိုတဲ့ ကျွန်တော့်ရဲ့ ယဝတီလေးဟာ နန်းတော်ချင်းများ မှားလေသလား။

မြတ်စွာဘုရား ကယ်ပါ။

ကျွန်တော့်ရင်ခုန်သံ အလိုကျ စောင်မကြည့်ရှုတော်မူပါ။

ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော နန်းတော်ကြီး
ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော နန်းတော်ကြီး
ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော နန်းတော်ကြီးတဲ့။

ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်လိုထီးတီးကြီး တည်ရှိနေတဲ့ နန်းတော်ကြီးပါလိမ့်?

www.burmeseclassic.com

www.burmeseclassic.com



သိပြီ။

ကျွန်တော် သိမ်းဆည်းထားတဲ့ စာအုပ်ပုံထဲက ရန်ကုန် လမ်းညွှန်စာအုပ်ကြီးကို ရှေ့မှာချပြီး လှန်လှောကြည့် လိုက်တယ်။

တစ်ရွက်၊ နှစ်ရွက်…

သုံးရွက်…

လေးရွက်…

ငါးရွက်…

စာအုပ်ကြီးထဲ စာမျက်နှာ တစ်ရွက်ပြီးတစ်ရွက် ထောင့်စေ့အောင် ရှာကြံမိပေမယ့် ရန်ကုန်မြို့ရဲ့ တစ်ခုတည်း သော နန်းတော်ကြီးကို ရှာဖွေမတွေ့ရှိသေးပါ။ ကျွန်တော့်စိတ် တွေ လောနေမိလို့လား။

အပြင်မှာ သူမနဲ့ တွေ့ချင်တဲ့စိတ်က စိုးမိုးပြီး၊ အရာ ရာကို ပေါ့တီးပေါ့ဆနိုင်စေခဲ့ပါတယ်။

အဲဒီနောက် တစ်ပတ်အထိ။

တိတိကျကျပြောရရင် အဲဒီနောက်တစ်ပတ်ကနေ ကိုးရက်တိတိ ပြည့်တဲ့နေ့မှာတော့ ကောင်မလေးဘက်ကနေ ကျွန်တော့်အကောင့်ကို Off line လုပ်ပစ်လိုက်ပါတယ်။

ဘာရယ်ကြောင့်မှန်း မသိ။

အခုချိန်ထိကို ပြန်ပွင့်မလာခဲ့ပါဘူး။ သူမ ဆင်းသက် သွားတဲ့ လေလှိုင်းပေါ်မှာ ကျွန်တော့်ရင်ဖုံက အရာရာဟာ ဟာတာတာနဲ့။



ပလာတာရိုက်ပြီး မေစံပယ်နှင်းဖွန့်သစ္စာက ကျွန်တော့် ကို အာပလာလုပ်သွားတာများလား။

မဟုတ်လောက်ပါဘူး။

မဟုတ်ပါစေနဲ့လို့ပဲ ဘုရားရှေ့မှာ ဆုတောင်းရင်း ကျွန်တော့်အတွေးအာရုံထဲမှာ လင်းခနဲ ဖြစ်သွားရတယ်။

အဲဒါကတော့ ဘုရားစင်မှာ ကပ်လှူပူဇော်ထားတဲ့ သစ္စာပန်းရနံ့လေးတွေကြောင့်ပဲ ဖြစ်မှာပါ။

ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော နန်းတော်ကြီးဟာ…

❐

www.burmeseclassic.com

www.burmeseclassic.com



ကရဝိတ်နန်းတော်ကြီးပဲပေါ့။




www.burmeseclassic.com

www.burmeseclassic.com



(၁၃)

နောက်နေ့မနက် ကျွန်တော် ဘာကိုမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အဲဒီနန်းတော်ကြီးဆီ အရောက်သွားခဲ့ပါတယ်။

သူမက ကျွန်တော့်ကို ပြောခဲ့ဖူးတယ်။

အဲဒီ နန်းတော်ကြီးထဲမှာ လွန်ခဲ့တဲ့ ၃ လကအထိ အလုပ်လုပ်ခဲ့ဖူးတယ်တဲ့။ အခုရော ဘာကြောင့် အဲဒီအလုပ်မှာ သူမ မရှိတော့တာလဲ?

ဘာကြောင့်ပဲဖြစ်ဖြစ် ကိစ္စမရှိပါ။

ကျွန်တော် အခုရောက်ရှိနေတဲ့ နန်းတော်ကြီးဆီက တစ်စုံတစ်ယောက်ဆီမှာ စုံစမ်းလိုက်တာနဲ့ မေစံပယ်နှင်းဆွန်သစ္စာမလေးရဲ့အကြောင်း သိရတော့မှာပဲလေ။

အဓိက သိချင်တာကတော့ သူမရဲ့ နေရပ်လိပ်စာ။

www.burmeseclassic.com

www.burmeseclassic.com



အခုဆို Off line ဖြစ်သွားပြီးကတည်းက သူမနဲ့ ကျွန်တော် အဆက်အသွယ်ပြတ်သွားလိုက်တာ အတော်ကြာသွားပါပြီ။

သူမ ကျွန်တော့်ကို ဘယ်အချိန်များ ပြန်ဆက်သွယ်လာလိမ့်မလဲလို့ စောင့်မျှော်ခဲ့ရတာလည်း မောလှပါပြီ။

ဘာပဲဖြစ်ဖြစ်ပါလေ။

နောက်ဆုံးမှာ ကျွန်တော့်ကောင်မလေး ကျွန်တော့်ကို အရှုံးမလုပ်ရင် ပြီးတာပါပဲ။ အခု ကျွန်တော် စုံစမ်းထောက်လှမ်းဖို့ ရောက်ရှိလာတဲ့နေရာကတော့ ကရဝိတ်နန်းတော်ကြီးထဲက Cherry Fm အသံလွှင့်အလုပ်ရုံတစ်ခုပဲ ဖြစ်ပါတယ်။

'တစ်ဆိတ်လောက်များ ကျွန်တော် ဒီက ဝန်ထမ်းတစ်ယောက်ရဲ့အကြောင်း သိချင်တာလေးရှိလို့ စုံစမ်းလို့ရမလား ခင်ဗျာ'

Cherry Fm ယူနီဖောင်းလေးကို ဝတ်ထားတဲ့ ဝန်ထမ်းမလေးက ခေါင်းလေးအသာညိတ်ပြပြီး...

'ဟုတ်ကဲ့ရှင်... သိချင်တာရှိရင် ကျွန်မတို့ဘက်က ပြောပြလို့ရပါတယ်'

အလုပ်သဘောလိုပဲ အပြုံးသဘောဆောင်ပြီး ကြိုဆိုပါတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ကောင်မလေးရဲ့



အကြောင်း သိချင်နေသူမို့ စကားပလ္လင်တောင် မခံတော့ဘဲ မေးစရာရှိတာကို တည့်မေးလိုက်ပါတယ်။

'ဟောဒီ အသံလွှင့်ဌာနမှာ လွန်ခဲ့တဲ့ ၃ လကအထိ အလုပ်လုပ်ခဲ့ဖူးတဲ့ မေစံပယ်နှင်းဆွေသစ္စာရဲ့အကြောင်းနဲ့ သူ့ရဲ့ အခုလက်ရှိနေရပ်လိပ်စာကို ကျွန်တော် သိချင်လို့ပါ'

'ရှင်...'

ဝန်ထမ်းမလေးပါးစပ်က အာမေဋိတ်အသံနဲ့အတူ ကျွန်တော့်ကို ပြန်စိုက်ကြည့်နေတဲ့ မျက်လုံးက အဝိုင်းသားဖြစ်သွားရတယ်။ ခဏကြာမှ...

'ရှင်... ရှင်က သူ့နဲ့ သုံးနှစ်လောက်တွဲခဲ့ဖူးတဲ့ ချစ်သူဟောင်း ကိုမိုက်ကယ်ဆိုတဲ့လူလား'

'ခင်ဗျာ'

ဒီတစ်ခါ အံ့အားသင့်သွားသူက ကျွန်တော်။

'ဟင့်အင်း... မဟုတ်ရပါဘူး၊ ဘာပြဿနာများရှိလို့ပါလဲ ခင်ဗျာ'

သူမနဲ့ပတ်သက်ပြီး ကျွန်တော် စိုးရိမ်သွားမိလို့ပါ။

'မဟုတ်ရင်လည်း Sorry ပါနော်၊ ကိုမိုက်ကယ်နဲ့ ရှင်က ရုပ်ချင်းတော်တော်ဆင်လို့၊ စံပယ် ဒီအလုပ်မှာလုပ်ကတည်းက သူနဲ့ ကျွန်မဟာ အချစ်ဆုံးသူငယ်ချင်းပေါ့၊ သူ ဒီအလုပ်ကနေ ဆေးစာတင်ပြီးထွက်သွားရတာကလည်း သူ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဟောင်း ပေးခဲ့တဲ့ ဝေဒနာကြောင့်ပဲပေါ့၊ သူ့အကြောင်း အသေးစိတ်သိချင်ရင်တော့ သူ့ကိုယ်တိုင် ရှင့်ကိုပြောပြတာပဲ ကောင်းလိမ့်မယ်ထင်တယ်၊ အဲဒီအတွက် ကျွန်မ သူနေတဲ့ လိပ်စာကို အတိအကျပြောပြလိုက်ပါ့မယ်'

ဝန်ထမ်းမလေးက ပြောရင်းဆိုရင်း အံဆွဲထဲက စာရွက်တစ်ရွက် ထုတ်ယူလိုက်ကာ ကျွန်တော့်ပပဝတီလေးရဲ့ နေရပ်လိပ်စာကို အတိအကျရေးပေးနေဟန်ပါပဲ။

ကျွန်တော့်ရှေ့က အဲဒီဝန်ထမ်းမလေးရဲ့ မျက်နှာပေးက တစ်စုံတစ်ရာဆီ ရီဝေလွမ်းဆွတ်နေသလိုပါ။ တိမ်ညို တိမ်မှိုင်းတွေ ဖြတ်ပြေးနေသလို အရိပ်အယောင်ကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့မြင်နေရပါတယ်။

**What's WRONG!**

ကျွန်တော်နဲ့ g talk ထဲက ကောင်မလေးရဲ့ကြားမှာ ဘယ်လိုမှားယွင်းမှုတွေ ရှိနေပြီလဲ?

ထားပါ။

တစ်ခါမှ မတွေ့ဖူး မမြင်ဖူးတဲ့ ကျွန်တော့်ရဲ့ တစ်ဖက်သတ်ကောင်မလေးမှာ အမှားသင်္ကေတတွေ ဘယ်လောက်ပဲ ရှိရှိ ကျွန်တော်ဟာ မြတ်နိုးစွာနဲ့ ဘေးကနေ အမှားပြင်ဆင်ပေးသူတစ်ယောက် ဖြစ်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ။

အဲဒီအခါမှ ကျွန်တော် သေမယ်ဆိုလည်း သေပျော်ပါပြီလေ။



အဲဒါကြောင့် . . .

သူမသူငယ်ချင်း လမ်းညွှန်လိုက်တဲ့ လိပ်စာ တိုင်း ကျွန်တော် ချက်ချင်းပဲ သူမအိမ်ရှေ့ထိ အရောက်သွားခဲ့ပါတယ်။

ဟိုရောက်တဲ့အခါမှာတော့ ကျွန်တော့်ကို ဆီးကြိုလိုက်တဲ့ မြင်ကွင်းဟာ . . .

www.burmeseclassic.com

www.burmeseclassic.com



မေစံပယ်နှင်းဖွန့်သစ္စာ

အသက် (၂၃) နှစ်

တနင်္လာနေ့တွင် ကွယ်လွန်အနိစ္စရောက်ပါသည်။

နေအိမ်မှကားများ ဗုဒ္ဓဟူးနေ့

နေ့လည် (၁၂) နာရီအချိန်၌

ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



'!'

ကျွန်တော် အသံတောင်မထွက်နိုင်တော့ဘဲ ကျွန်တော့် ...ကြီး ရုတ်တရက် ဆွံ့အသွားရတယ်။

ဝှားလာတဲ့ ကားပေါ်ကနေ ချက်ချင်းဆင်းပြီး အဲဒီလို ...တွေ့နေရတဲ့ ပိုက်ဘုတ်နားဆီ သေချာသွားကြည့်မိလိုက် ...ယ်။

ကျွန်တော့်မျက်ဝန်းအစုံကို ပွတ်သပ်ပြီး ကြည့်ပြန် ...သည်း မေစံပယ်နှင်းဖွန်သစ္စာဆိုတဲ့ နာမည်မျိုးဟာ လုံးဝ ...င်ဖွယ် မရှိပါဘူး။

ကံကြမ္မာက ကျွန်တော်တို့နှစ်ယောက်ကြား တစ်ခဏ ...ဲ ယစ်မူးစေခဲ့တာလား?

ဖြေပါ။

ဖြေပါ။

ဖြေပါဆိုတဲ့ မေးခွန်းတွေကို တစ်ခုပြီးတစ်ခု ...အောင် ထုတ်ပြခဲ့တဲ့ ကောင်မလေးရေ။

www.burmeseclassic.com

www.burmeseclassic.com



မင်း ငါ့ဘဝထဲကို ဝင်တောင်မလာသေးဘဲ ငါ့ကို အရူးလုပ်ပြီး အရိုးထုတ်သွားခဲ့တာ မြန်ဆန်လှချည်လား?

ကြေကွဲတယ်ဆိုတာ ဘာကိုခေါ်ပါသလဲ?

တစ်ဦးက တစ်ဦးကို အရှင်လတ်လတ်ကြီး အသည်းခွဲသွားမှ ကြေကွဲရခြင်းမျိုးတွေကို ကြားဖူးပါရဲ့။

ကျွန်တော့်ဘဝကတော့ အချစ်ဆိုတာဖြစ်လာဖို့ မချစ်ရသေးခင်မှာပဲ ခွဲခံလိုက်ရတဲ့ အသည်းကွဲခြင်းမျိုးပါ။

ဘယ်သူ ခံစားဖူးပါသလဲ?

ကွယ်လွန်သူရဲ့ အိမ်ရှေ့မှာ ရစ်သီရစ်သီဖြစ်နေရှာတဲ့ ကျွန်တော့်ဆီကို အသက် ၅၀ ခန့် အမျိုးသမီးကြီးတစ်ဦး ဒိုင်ယာရီစာအုပ်တစ်အုပ်ကိုင်ပြီး ရောက်ရှိလာပါတယ်။

'မင်းဟာ ရာဇဝင်လား၊ မင်းက ရာဇဝင်ဆိုရင်တော့ မင်းကို အန်တီတို့ စောင့်နေခဲ့တာ ကြာပါပြီ၊ သမီးလေး စံပယ် မဆုံးခင်က သေချာမှာသွားတယ်၊ တစ်နေ့ ရာဇဝင်ဆိုတဲ့လူ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလိမ့်မယ် ဒီစာအုပ်လေး ပေးပေးပါတဲ့'

ကျွန်တော့်လက်ထဲကို စာအုပ်အတင်းထိုးပေးနေတဲ့ အမျိုးသမီးကြီးမျက်ဝန်းမှာ မျက်ရည်တွေစို့တက်နေမယ်ဆိုတာ သူ့ကိုမကြည့်ဘဲ မြင်နေပါတယ်။

အဲဒီနေ့က အဖြစ်အပျက်တွေကတော့ ဒါပါပဲ။

ကျွန်တော့်လက်ထဲကို ချစ်သူတွေမဖြစ်လိုက်ရတဲ့



ကောင်မလေးရဲ့ နောက်ဆုံးဒိုင်ယာရီစာအုပ်တစ်အုပ် ရောက်ရှိလာတယ်။

အဲဒီနောက် အဲဒီခြံရှေ့ကနေ ကျွန်တော် ကျောခိုင်းပြီး ထွက်လာမိတယ်။

မေစံပယ်နှင်းဖွန့်သစ္စာကို ကျောပေးထွက်ခဲ့မိတဲ့ ကျွန်တော့်ရဲ့ ရင်ဘတ်မှာ ဘာတွေဖြစ်နေသလဲ?

ကျွန်တော့်ရဲ့ မျက်ဝန်း

ကျွန်တော့်ရဲ့ အတွေး

ပြီးတော့ ကျွန်တော့်ရဲ့ ခြေလှမ်းတွေ ဘယ်လိုဖြစ်ခဲ့သလဲ? ဆိုတာကိုတော့ ကျေးဇူးပြု၍ တစ်ဆိတ်လောက် ဘယ်သူမှ မေးခွန်းမထုတ်ဘဲ နေပေးကြပါ။

မေးခွန်းတွေကို ကျွန်တော် ကြောက်လန့်သွားလို့ပါ။

□

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ဘတ်ကို တစ်သက်လုံးစာ လှိုက်တားခဲ့တဲ့ ကောင်မလေး ရေ...

မင်း ငါ့ကို သင်ကြားပို့ချခဲ့သလိုပဲ။

တကယ်တမ်းမှာ တစ်ဖက်သားကို ချစ်ရတဲ့အချစ်ဆိုတာ...

ဝိုးဝိုးဝါးဝါးနဲ့ အချိန်တန်တော့ မှုန်ဝါးသွားရတာပါပဲ။

ဒီနေ့ကစပြီး ငါကိုယ်ငါပဲ ပိုချစ်တတ်ပြီကွယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

S M T W T F S

Date ၁၄/၃/၂၀..

ရှင့်အတွက် မေစံပယ်နှင့်မြူနှင်းသစ္စာရဲ့ ကိုယ်တိုင်ရေး
နောက်ဆုံးဒိုင်ယာရီ။

ကျွန်မအရှုံးပေးခဲ့တာမဟုတ်ပါဘူး။
စိတ်လိုလာတဲ့ ကျွန်မကိုယ်တိုင် ကျူးလွန်ခဲ့မိတဲ့ အပြစ်အနာအဆာ
တစ်ခုကြောင့်သာ မဟုတ်ခဲ့ရင် အခု ကျွန်မတို့ရဲ့ ရာဇဝင်ဟာ
ပျော်စရာကောင်းမှာ အမှန်ပါနော်။
အချစ်ဆိုတာ ခက်သားလား။
ချစ်နေကြတဲ့အချိန်ကတော့ အပြစ်ဆိုတာ မေ့လောက်အောင်ထိ
ကျွန်မတို့တွေ မေ့လျော့နေခဲ့တာပါ။
ဝန်ခံပါတယ်။
ဒါဟာ ကျွန်မရဲ့ ပေါ့ဆမှု၊ ကိုယ်ချစ်ရတဲ့သူ့အပေါ် အယုံကြီးပြီး
အယုံလွယ်မှု၊ ဟင်းအင်း ... ယုံကြည်မှုလွန်ကဲမှုဆိုတာကို
ဆရာဝန်ကြီးဆီက (သွေးစစ်ချက်) ရမှပဲ ကျွန်မကိုယ်ကျွန်မ
HIV POSITIVE ရောဂါသည်မှန်း သိလိုက်ရပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

S M T W T F S
Date . / /

ဆရာဝန်ကြီးက ကျွန်မကို ပြောတယ်။
နောက် (၆) လအတွင်း အာတက်နိုင်ခြေ၊ ကိုယ့်ကိုယ်ကိုယ်
စိတ်ချမ်းသာအောင်နေပါတဲ့။
အဲဒီအချိန်ကစပြီး ***ON LINE*** ပေါ်မှာ ကျွန်မနဲ့ ရှင် တွေ့တော့တာပါပဲ။
ကျွန်မတို့ မကြီး စကားတွေပြော၊ မေးခွန်းတွေထုတ်ရင်း
စီးမျောနေတဲ့ အချိန် သုံး၊ လေးလအတွင်း ကျွန်မရဲ့စိတ်ကို
ပျော်ရွှင်အောင် ဖန်တီးပေးနိုင်ခဲ့တဲ့ ရှင့်ကို ကျွန်မ ရောက်တဲ့အရပ်ကနေ
လွမ်းနေမှာပါ ချစ်သူရယ်။
ကျွန်မ ကိုယ့်အပြစ်နဲ့ကိုယ် နောင်တမရခဲ့ပါဘူး
ဖြစ်နိုင်ရင် ရှင့်အချစ်ကို တစ်ဖန်ပြန်လည်မွေးမြူလိုက်ပါတော့။
ကျွန်မ ရှင့်ကို ပြောခဲ့ဖူးသလိုပဲလေ။
ဘဝမှာ ဘယ်သောအခါ ဘာတွေကြောင့်ပဲဖြစ်ဖြစ်
***DON'T GIVE UP*** ပါ ချစ်သူရယ်။
ထာဝရ ***GOODBYE...*** မေ့မပယ်နိုင်ဖွယ်သစ္စာ (မေ) တစ်ချိန်က
ရှင့်ရဲ့ ပပဝတီလေး ....။

လောကကြီး အလယ်မှာ ကျွန်တော့်အတွက် အဲဒီကောင်မလေး ချန်ရစ်ထားခဲ့တဲ့ ဒိုင်ယာရီစာအုပ်နောက်ဆုံးပိုင်းလေးကို အခေါက်ခေါက် အခါခါ ဖတ်ဖြစ်နေသည်။



တစ်ညသားမှာတော့...

လက်ထဲက ဖတ်လက်စဒိုင်ယာရီကိုပိတ်ပြီး ကျွန်တော့် Laptop screen ထဲမှာ အချက်ပြနေတဲ့ အကောင့်သစ်တစ်ခုကို invite လုပ်ပြီး ဖွင့်ဖတ်ကြည့်လိုက်တဲ့အခါ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



littlepapawai@gmail.com

ဝေး ဒီမှာ ဝေး .....

The End

BURMESE CLASSIC .com

g talk သည်ခေတ်နေ
ကျွန်တော်နဲ့ ဖွားဖက်တော်

လူအချင်းချင်း စိတ်ကောက်ခြင်း
ကင်းရှင်းကြပါစေ...


သည်ခေတ်နေ

# OUT OF SERVICE

please call me back

ဆက်သွယ်မှုမရှိယာပြင်ပဘက်က
အထူအပါးနားမလည်တဲ့ ကြယ်တစ်ပွင့်လို ...
ငါ့ကိုယ်ငါ ဇက်ကြိုးတပ်ပြီး ခုန်ဆင်းကြည့်မိတယ်။

coming soon


www.burmeseclassic.com